# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၂၇၀) ၊ ၁၃၈၆ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက် ၊ ၃၁-၈-၂၀၂၄ ၊ စနေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလ တည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟံသာဝတီ နေပြည်တော် သာယာဝတီတံခါးအနီးရှိ ဟံသာဝတီမြို့ပြောင်းကျုံးအား ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများတိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အားပေးဆောင်ရွက်

## နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံသူ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်က သာယာဝပြောမှုရှိလာမည်

နေပြည်တော် ဩဂုတ် ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၃၀

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း

**တစ်ရက်လျှင် ဝက်သားပြား နှစ်ချပ်စားရုံမျှဖြင့် ဆီးချိုအမျိုးအစား-၂ ရောဂါကို ပိုမိုဖြစ်ပွားစေနိုင်**

စာမျက်နှာ ၇

**မိမိထားလိုသည့် အာရုံကို အသိသတိနှင့် ထိန်းချုပ်သည်ဆိုရာဝယ်(ဆောင်းပါး)**

စာမျက်နှာ ၁၄

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃၁ ရက် ၊ စနေနေ့ ။

မန္တလေး နေ့စဉ်

## အောင်မြင်မှုအတွက် အကောင်းဆုံးနည်းလမ်း

လောကတွင် ပေးဆပ်ရင်းနှီးခြင်းမရှိဘဲ ရယူပိုင်ဆိုင်နိုင်သော အရာဟူ၍ မရှိပါ။ အသီးကိုလိုသော် အပင်ကို ဦးစွာပျိုးရမည်ဖြစ်သည်။ အရိပ်ကိုလိုသော် နေပူမှုစောင့်ရပါမည်။ အောင်မြင်မှုကိုရလိုသော် အားထုတ်ကြိုးပမ်းရမည်ဖြစ်သည်။

ကလေးဘဝ စာသင်ရမည်ဆိုသောအခါ စာပေသင်ကြားပေးရာ ကျောင်းတော်ဆီသို့ သွားကြရသည်။ ပညာလိုသော် ပညာရှိကိုချဉ်းကပ်ရမည်ဖြစ်သည်။ ပညာရှိသောသူတို့ကို မှီဝဲဆည်းကပ်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်။ ဘုရားရှင်က လူသားတို့အတွက် များစွာသောအသိပညာများကို ဟောကြားတော်မူခဲ့သည်။ ထိုတရားတော်များကို ခေတ်အဆက်ဆက် သံဃာတော်များက လက်ဆင့်ကမ်းဟောကြားခဲ့သည်။ ထိုမှတစ်ဖန် အမိ၊ အဘ၊ ဆရာသမားတို့က သားသမီးတပည့်များကို ပြန်လည်ပြောပြ သွန်သင်ဆုံးမကြခြင်းဖြစ်သည်။ ထိုတရားတော်များ၊ ဆုံးမစကားများသည် တစ်နေ့သောအခါ အသီးအပွင့်များဖြစ်လာမည့် လူငယ်၊ မောင်မယ်တို့၏ဘဝကို ပြုစုပျိုးထောင်မြှင့်တင်ပေးသော အဖိုးတန်မြေဩဇာများပင်ဖြစ်သည်။ သို့အတွက် အတွေ့အကြုံနိုင်မာရင့်ကျက်သော မည်သည့်ပညာရှိကိုမဆိုချဉ်းကပ်ရိုကျိုး၍ ဆည်းပူးနာယူတတ်ကြရန် လိုအပ်မည်ဖြစ်သည်။ လူ့လောကသည် မြစ်ပြင်ကျယ်ကြီးနှင့်တူသည်။ ထိုမြစ်ပြင်ကျယ်၌ အသက် မွေးဝမ်းကြောင်းပြုရန် ပိုက်ကွန်ဖြန့်ကြက်တတ်ဖို့လိုပါသည်။ မိမိဘက်သို့ ပါလာအောင် စည်းရုံးသိမ်းသွင်းတတ်ရမည်ဖြစ်သည်။ ရေလိုသော် မြောင်းဖောက်ပေးရမည့် သဘောပင်ဖြစ်သည်။ လူတစ်ကိုယ်၌ အကြိုက်တစ်မျိုးစီရှိစမြဲဖြစ်သည်။ သူ့အကြိုက်ကို လိုက်လျောပေးခြင်းအားဖြင့် ကိုယ့်အတွက် အကျိုးရှိစေရမည်ဖြစ်သည်။ ထို့ကြောင့် လူတစ်ယောက်ကို ချဉ်းကပ်အကူအညီတောင်းခံပညာသင်ကြားရမည်ဆိုလျှင် ထိုသူ၏အကြိုက်နှင့်စရိုက်ကို ချဉ်းကပ်အကူအညီတောင်းခံရမည်ဖြစ်သည်။ ယင်းသဘောမှာ လူမှုဆက်ဆံရေးနည်းလမ်းဖြစ်ပါသည်။

ပညာရှာ ပမာသူဖုန်းစားဟု ဆိုရိုးရှိသည်။ မသိလျှင် မေးရမည်ဖြစ်သည်။ မိမိထက်ပို၍ တော်သူတတ်သူထံ တပည့်ခံရန်လည်း ဝန်မလေးသင့်ပါ။ အချို့သော ကျောင်းသားတို့သည် မိမိအတန်းထဲတွင် စာအတော်ဆုံးဆိုသူ၏အနီးတွင် ကပ်ထိုင်ရန်ကြိုးစားကြသည်။ ယင်းမှာ အမှန်တရားဖြစ်သည်။ သို့မှသာ တော်သူ၏ နည်းပညာတို့ကို အတုယူနိုင်မည်ဖြစ်သည်။ အောင်မြင်မှုနှင့် အလှမ်းနီးလာပြီဖြစ်သည်။

ယနေ့ကျောင်းသား၊ လူငယ်များနှင့် ပညာရှာလိုသူများအနေဖြင့် မည်သည့်အရာမဆို ကြိုတင်ပြင်ဆင်မှုသည် အရေးပါလှသည်။ အလုပ်တစ်ခုကို လုပ်တော့မည်ဆိုလျှင် ကြိုတင်စီစဉ်ထားရမည်၊ ဟာကွက်မရှိအောင် ပိတ်ဆို့ထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူသားတိုင်း ပေးဆပ်ရင်းနှီးမှုက ကြီးမားလေလေ အောင်မြင်မှုနှင့် အလှမ်းနီးလေလေဖြစ်သည်။ အရာရာ စဉ်းစားချင့်ချိန်ပြီးသေချာမှ ဆောင်ရွက်ခြင်းသည် အောင်မြင်မှုအတွက် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ဥပဒေရေးရာဝန်ကြီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**မန္တလေး ဩဂုတ် ၃၀**

ဥပဒေရေးရာဝန်ကြီးဌာန၏ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားမစမီ ပရိတ်တရားတော်များ နာယူခဲ့ကြပြီး အစီအစဉ်ပထမပိုင်းအဖြစ် ရုံးရှေ့မျက်နှာစာတွင် ကျင်းပရာ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်နှင့် တိုင်းဒေသကြီးဥပဒေအရာရှိ ဦးအေးသိန်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အစီအစဉ်ဒုတိယပိုင်းကို အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ ဦးသန့်ဇင်က ဥပဒေရေးရာဝန်ကြီးဌာန သမိုင်းအား ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်ရုံးများ၏ လုပ်ငန်းဆောင်ရွက်မှု Video Clip ဖြင့် ပြသကာ အရာထမ်း၊ အမှုထမ်းများအား ကံစမ်းမဲများနှိုက်စေပြီး အာဟာရများကျွေးမွေးဧည့်ခံခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဥပဒေအရာရှိ၊ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်၊ အမရပူရခရိုင်၊ သပိတ်ကျင်းခရိုင် ဥပဒေရုံးများနှင့် မြို့နယ် ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်း(၁၇၅)ဦး တက်ရောက်ခဲ့သည်။ အလားတူ ကျန်ရှိသော ခရိုင်ဥပဒေရုံးအသီးသီးတွင်လည်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားများကို ယနေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

## သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့် နည်းပြ ခန့်အပ်တာဝန်ပေးအပ်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၃၀**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး၊ တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဆင်းပွဲနှင့် ခရိုင်အဆင့်နည်းပြခန့်အပ်တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ အောင်မြေသာစံအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်က အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား ခရိုင်အဆင့်နည်းပြအဖြစ် တာဝန်ပေးခန့်အပ်လွှာများကို တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းပေးအပ်ကြသည်။

အခမ်းအနားသို့ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေလွင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး၊ ဒုတိယခရိုင်ဦးစီးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ မြို့နယ်ဦးစီးမှူးများနှင့်ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝဇ၃)**





## သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး

**ပုသိမ်ကြီး ဩဂုတ် ၃၀**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပခြင်းကို ယနေ့ နံနက် ၉ နာရီက အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အထက ပုသိမ်ကြီးရှိ အောင်ဇမ္ဗူခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အောင်မြေသာစံခရိုင် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာ အောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက သန်းခေါင်စာရင်းဆိုင်ရာ အုပ်ချုပ်မှုကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အသိပညာပေး ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများအား သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး၊ ခရိုင်အဆင့် သန်းခေါင်စာရင်းနည်းပြသင်တန်းတက်ရောက်မည့် ဆရာ၊ ဆရာမများအား Tablet နှင့် အထောက်အကူပြုပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်း၊ မြို့နယ်ပညာရေးမှူး တာဝန်ခံဦးမျိုးဇော်ခိုင်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ စုစုပေါင်း (၁၆၅) ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝဇ၅)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

✪ ရှေ့ဖုံးမှ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

### ဒေသဆိုင်ရာအချက်အလက်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများအား ရှင်းလင်းတင်ပြ

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ သီးနှံများစိုက်ပျိုးလျက်ရှိမှုနှင့် သီးထပ်သီးနှံစိုက်ပျိုးရန်လျာထားဆောင်ရွက်လျက်ရှိမှု၊ စပါးထွက်ရှိမှုနှင့် ဒေသဝမ်းစာဖူလုံမှု၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိမှု၊ စက်မှုကုန်ကြမ်းသီးနှံ နှစ်အလိုက်စိုက်ပျိုးလျက်ရှိမှု၊ ဝါသီးနှံစိုက်ပျိုးမှု၊ ရေအရင်းအမြစ်များရရှိမှုနှင့် ထိန်းသိမ်းထားရှိမှု၊ စိုက်ပျိုးရေး အထောက်အကူပြုပစ္စည်းကိရိယာများ ဖြန့်ဝေပေးလျက်ရှိမှု၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နှစ်သီးမှ သုံးသီး သီးထွက်စွမ်းအား တိုးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နွေစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ အထွက်နှုန်းများ ပိုမိုတိုးတက်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထွက်ရှိလာသည့် ဆန်၊ စပါးများကို ပြည်ပဈေးကွက်သို့ တင်ပို့နိုင်သည့် အရည်အသွေးရရှိသည်အထိ သုတေသနပြုကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသတွင်းစားသုံးဆီဖူလုံမှုကို အထောက်အကူပြုစေရန်အတွက် ဆီထွက်သီးနှံတစ်ခုဖြစ်သည့် နေကြာစိုက်ပျိုးမှုများကိုလည်း တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

### နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲခဲ့မှုအခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် မဲမသမာမှုများကို တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များ ချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

### လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး

ယင်းနောက် မိမိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကို သင်ခန်းစာယူပြီး လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် မြေပြင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများအပါအဝင် လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းအချက်အလက်များ မှန်ကန်မှုရှိစေရေးလာမည့်အောက်တိုဘာလတွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ သန်းခေါင်စာရင်းကောက်ယူရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ရာနှုန်းပြည့်ကောက်ယူနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာရင်းဇယားများ မှန်ကန်စွာရရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ရွေးကောက်ပွဲကို စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးနှင့် ၎င်းရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များ လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေး ကျင်းပနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးတွင် အစည်းအဝေး အထမြောက်စေရေး၊ သိက္ခာရှိသည့် လွှတ်တော် အစည်းအဝေးဖြစ်စေရေးနှင့် သတ်မှတ်ကိုယ်စားလှယ်များ ရွေးချယ်တက်ရောက်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆိုပါ လွှတ်တော်များတွင် သက်ဆိုင်ရာဒေသအလိုက် ပါဝင်သင့်သူများ ပါဝင်မှသာ လွှတ်တော်အတွင်း ကိုယ်စားပြုမှုများမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေများနှင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုသိရှိနိုင်ရန် ပြောကြားရခြင်းဖြစ်ကြောင်း။

### နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာများနှင့်ပတ်သက်၍ မိမိတို့စတင်တာဝန်ထမ်းဆောင်ချိန်တွင် အနောက်နိုင်ငံများအနေဖြင့် စီးပွားရေးပိတ်ဆို့မှုများကို လုပ်ဆောင်ခဲ့ကြောင်း၊ အထောက်အပံ့များပေးအပ်မှုကိုလည်း လျှော့ချခဲ့ကြောင်း၊ ထိုသို့စီးပွားရေးအရ ပိတ်ဆို့မှုများကြောင့် မိမိတို့နိုင်ငံပိုင် နိုင်ငံခြားငွေများ သုံးစွဲမှုမပြုနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကုန်သွယ်မှုများမှရရှိသည့်ငွေများကို အဓိကထား သုံးစွဲနေရခြင်းဖြစ်ကြောင်း၊ ယခင်က ပြည်ပမှဝင်နေသည့် ဝင်ငွေများကို ပြန်လည်စိစစ်ခဲ့ရာတွင် ချေးငွေများ၊ ထောက်ပံ့ငွေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ပြည်ပချေးငွေများကို တတ်နိုင်သမျှ ပြန်လည်ပေးဆပ်ရလျက်ရှိကြောင်း၊ အဓိကအားဖြင့် ကုန်သွယ်မှုများဆောင်ရွက်နိုင်ရန်အတွက် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ရန်အတွက် အရည်အသွေး ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပသို့ ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်မှသာ နိုင်ငံခြားငွေများတိုးတက်ရရှိပြီး နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ သီးနှံများဖြစ်ထွန်းအောင်မြင်ပြီး အထွက်နှုန်းကောင်းမွန်စေရေး မျိုး၊ မြေ၊ ရေ၊ နည်း ဟူသည့် နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ အထွက်နှုန်းများတိုးတက်လာမည်ဆိုပါက စိုက်ပျိုးရေးတောင်သူများ ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံအတွက်လည်း ဝင်ငွေများရရှိပြီး နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ပဲခူးတိုင်းဒေသကြီးအနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် ရော်ဘာ၊ ကော်ဖီ၊ ကြံ၊ ဝါနှင့် လက်ဖက်တို့ကိုလည်း တိုးချဲ့စိုက်ပျိုးစေလိုကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံသူ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ သာယာဝပြောမှု ရှိလာမည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းလာမည်ဆိုပါက နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံ့ဝန်ထမ်းများအတွက် ထောက်ပံ့ကြေးများတိုးပေးခြင်းနှင့် သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက်လည်း ထိုက်သင့်သည့် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်ကြားရေးနှင့် ပတ်သက်သည့် ဆရာ ဆရာမများကိုလည်း ဘွဲ့များအလိုက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း။ စာမျက်နှာ ၄ သို့ ✪

* ရွေးကောက်ပွဲကို စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးနှင့် ၎င်းရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များ လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်

* သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေး ကျင်းပနိုင်ရေး ဆောင်ရွက်ရမည်

* လွှတ်တော်အသီးသီးတွင် အစည်းအဝေး အထမြောက်စေရေး၊ သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေးဖြစ်စေရေးနှင့် သတ်မှတ်ကိုယ်စားလှယ်များ ရွေးချယ်တက်ရောက်နိုင်ရေး ဆောင်ရွက်သွားရမည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ရှင်းလင်းတင်ပြစဉ်။

❂ စာမျက်နှာ ၃ မှ

### ပညာရေးနှင့် ကျန်းမာရေး

ပညာသင်ကြားရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆရာ၊ ဆရာမ များစွာ လိုအပ်နေဆဲဖြစ်ပြီး နိုင်ငံတော်အနေဖြင့် တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းများလည်း ကောင်းမွန်နေရန်လိုကြောင်း၊ ပညာရည်သင်ကြားနိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် စီးပွားရေးကောင်းမွန်ရန်လည်း လိုအပ်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ယာယီပိတ်ထားရသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသားများအမှန်တကယ် ပညာတတ်မြောက်စေရေး အချိန်ပိုများဖြင့် သင်ကြားပေးသွားရန် လိုကြောင်း။

ဆရာ ဆရာမများအနေဖြင့် ကျောင်းသားများ အမှန်တကယ်စာတတ်မြောက်အောင် သင်ကြားပေးလိုသည့်စိတ်ရှိရန်လိုကြောင်း၊ ပညာရေးသည် နိုင်ငံ၏ အနာဂတ်ပင်ဖြစ်ပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရာတွင် ပညာတတ်များ ပေါများကြွယ်ဝရန် လိုကြောင်း၊ ပညာတတ်များ ပေါကြွယ်ဝမှသာ အသိပညာ၊ အတတ်ပညာများ ရရှိပြီး စီးပွားရေးများကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာများရရှိရန်အတွက် အတန်းပညာကောင်းမွန်အောင် မိမိတို့အနေဖြင့် အားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ နိုင်ငံသားများအနေဖြင့် စီးပွားရေးအခြေခံများရရှိစေရန်အတွက် တက္ကသိုလ်များတွင် စီးပွားရေးပညာရပ်များကို သင်ကြားပေးလျက်ရှိသကဲ့သို့ ဒီမိုကရေစီကို သိရှိနားလည်နိုင်ရန်အတွက် တက္ကသိုလ်များတွင် ဥပဒေပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် လုပ်ငန်းတာဝန်များကို စနစ်တကျဖြင့် ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ **ပဲခူးတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းမွန်သည့် တိုင်းဒေသကြီးဖြစ်ပြီး အသိပညာ အတတ်ပညာပြည့်ဝသည့် လူငယ်များ မွေးထုတ်နိုင်မည်ဆိုပါက ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။**

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆရာဝန်များအား ခန့်အပ်တာဝန်ပေးထားကြောင်း၊ နိုင်ငံတစ်ဝန်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် ကျန်းမာရေးဝန်ထမ်းများ စဉ်ဆက်မပြတ်ခန့်အပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က ထိုသို့ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေး အသိပညာများရှိရန်လိုပြီး ကျန်းမာရေးနှင့်လျော်ညီသည့် နေထိုင်စားသောက်မှုများရှိရန်လိုကြောင်း၊ လူတစ်ဦးတစ်ယောက် ကျန်းမာရေးထိခိုက်လာမည်ဆိုပါက ကာယကံရှင်ကိုယ်တိုင်သာမက ၎င်း၏ပတ်ဝန်းကျင်၊ အဖွဲ့အစည်းနှင့် မိသားစု၏အကျိုးစီးပွားကိုပါ ထိခိုက်စေနိုင်ကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ ဂရုစိုက်ဆောင်ရွက်ကြရန် လိုကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်၍ အားကစားကဏ္ဍ တိုးတက်မှုရှိစေရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းစေရေး၊ စိတ်ဓာတ်ကောင်းမွန်စေရေး၊ အားကစားနည်းအလိုက် နည်းစနစ်ပိုင်းဆိုင်ရာများ ကျွမ်းကျင်မှုရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်ရေးတို့အတွက် အားကစားကဏ္ဍကို မြှင့်တင်ခြင်းဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး


တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေခံရပ်မိ၊ ရပ်ဖများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမှူးအဆင့်ဆင့်တွင်လည်း ဒေသအကျိုးအတွက် အမှန်တကယ် တာဝန်ထမ်းဆောင်လိုသည့်သူများကိုသာ တာဝန်ပေးအပ်ရန်လိုကြောင်း၊ အုပ်ချုပ်ရေးမှူးများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့် မြေပြင်၌ အမှန်တကယ်ထိတွေ့နေသူများဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအပေါ် ကောင်းမွန်စွာဆက်ဆံဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်ဆင့်သတင်းပေးသည့်စနစ်ကို ဖော်ဆောင်၍ ဒေသအတွက် ကောင်းရာကောင်းကျိုး ဆောင်ရွက်မည့်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သတင်းပေးသည့်စနစ်ကိုကျင့်သုံးပါက အမှုအခင်းများလည်း များစွာလျော့နည်းသွားမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပိုင်းကို ကျေးလက်များအထိ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုပါက သန်းခေါင်စာရင်း ကောက်ယူမှုများနှင့် ရွေးကောက်ပွဲကျင်းပမှုများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီးအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကဏ္ဍကို အလေးထားဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး စသည်တို့နှင့်ပတ်သက်၍ နိုင်ငံတော်တွင် ဖြစ်ပေါ်နေမှုများ၊ နိုင်ငံတော်အစိုးရ၏ မျှော်မှန်းဆောင်ရွက်နေမှုများကို

စာမျက်နှာ ၅ သို့ ✻

**✻ မိမိတို့အနေဖြင့် ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေခံရပ်မိ၊ ရပ်ဖများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရမည်**

**✻ အုပ်ချုပ်ရေးမှူးအဆင့်ဆင့်တွင်လည်း ဒေသအကျိုးအတွက် အမှန်တကယ်တာဝန်ထမ်းဆောင်လိုသည့်သူများကိုသာ တာဝန်ပေးအပ်ရန်လို၊ အုပ်ချုပ်ရေးမှူးများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့် မြေပြင်၌ အမှန်တကယ်ထိတွေ့နေသူများဖြစ်**

**✻ ပြည်သူများအပေါ် ကောင်းမွန်စွာဆက်ဆံဆောင်ရွက်ရန်လို၊ အဆင့်ဆင့်သတင်းပေးသည့်စနစ်ကို ဖော်ဆောင်၍ ဒေသအတွက် ကောင်းရာကောင်းကျိုး ဆောင်ရွက်မည့်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်တွင် ကြည့်ရှုစစ်ဆေးစဉ်။

* စာမျက်နှာ ၄ မှ

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် သိရှိနိုင်ရေး ယခုကဲ့သို့ အချိန်ယူကာ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်းနှင့် မိမိတို့တာဝန်ကျရာ တိုင်းဒေသကြီးမှ တစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်သို့ ရောက်ရှိကြပြီး ရွှေနန်းတော်အတွင်း ယခင်မြေနန်းပြာသာဒ်ဆောင်နေရာမှ တူးဖော်ရရှိသည့် ကျွန်းတိုင်များ ပြသထားရှိမှု၊ နန်းတော်အတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် နန်းတော်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင့်ဆင့် အသေးစိတ်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ နန်းတော်အတွင်း အမြဲသန့်ရှင်းသပ်ရပ်စေရေး ဆောင်ရွက်နေရန်လိုကြောင်း၊ ရှေးခေတ် အသုံးအဆောင် ပစ္စည်းများကို ပျက်စီးမှု မရှိစေရေး ထိန်းသိမ်းပြသထားရန်လိုကြောင်း၊ နန်းတော်ဝင်းအတွင်း လမ်းများကောင်းမွန်အောင် ပြုပြင်ထိန်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ ရေဝပ်ဧရိယာများမရှိစေရေး ဆောင်ရွက်ရန်နှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ နန်းတော်ကြီး ရေရှည် တည်တံ့နေစေရေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟံသာဝတီ နေပြည်တော်၊ သာယာဝတီတံခါးအနီးရှိ ဟံသာဝတီမြို့ဟောင်း ကျုံးနှင့် မြို့ရိုးနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကျုံးအား ရေရှည်တည်တံ့စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ရိုးနေရာများကို ပြန်လည်တူးဖော်၍ မြို့ရိုးပြန်လည်တည်ဆောက်သွားရန်နှင့် တည်ဆောက်ချိန်တွင်လည်း လိုအပ်သည့်အချက်အလက်များနှင့် အထောက်အထားများ ပြည့်စုံအောင် ပြုစုဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်တည်ဆောက်ရာတွင်လည်း ရှေးမူမပျက် မူလပုံစံအတိုင်း တည်ဆောက်သွားနိုင်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါ်နုမြဲ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (၁၈)ကြိမ်မြောက် ပန်းချီ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် စင်တင် တင်ဆက်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဩဂုတ် ၃၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲသည် ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့ အမျိုးသားဇာတ်ရုံတွင် ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (၁၈) ကြိမ်မြောက် ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်စင်တင် တင်ဆက်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။



အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အနုပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်း၊ ပါမောက္ခချုပ် ဦးအောင်ဆန်းဦးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မန္တလေးမြို့ပေါ်ရှိ တက္ကသိုလ် အသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း၊ အနုပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများသည် ပန်းချီပညာဌာနတွင် ပညာဆည်းပူးခဲ့ကြသည့် စတုတ္ထနှစ်ကျောင်းသား ကျောင်းသူများက ဆီဆေး၊ ရေဆေး၊ Acrylic တို့ဖြင့် ရေးဆွဲထားသည့် ဂျိမ်းဖောပျိုဖြူ၊ လင်းရိပ်သံသာ၊ အမရပူရခေတ် ဖွားတော်မူခန်း၊ လုံမပျိုငယ် ဗိုင်းငင်မယ်၊ ဘုရားအဖြစ်သို့ ရောက်တော်မူခန်း၊ ရောင်စုံငှက်ငယ်၊ ခေတ် (၅) ခေတ်မှတူစုံအလှ ပန်းချီကား၊ မဟာဝိဇ္ဇာတန်းမှ ကျောင်းသူများ ရေးဆွဲထားသည့် ချိုချိုချဉ်ချဉ်ရသာစုံလင်၊ သက်ငြိမ်အလှ(၁)၊ သက်ငြိမ်အလှ(၂)၊ ပြေပြစ်လှပခြင်း၊ ပျူရတနာ၊ ရတနာဆင့်ကာ တင့်သည့်ညီပြာ၊ ကိုးပါးရတနာ စသည့်ပန်းချီလက်ရာမွန် ၁၄ ကားနှင့် ပန်းပုပညာဌာနတွင် ပညာဆည်းပူးခဲ့ကြသည့် စတုတ္ထနှစ်ကျောင်းသားက ဖိုက်ဘာဖြင့် ပုံဖော်ထုဆစ်ထားသည့် သံစဉ်ပျိုး၊ မဟာဝိဇ္ဇာတန်းကျောင်းသားက ပလာစတာဖြင့် ပုံဖော်ထုဆစ်ထားသည့် အဲလ်ဘတ်အိုင်းစတိုင်း၊ ပန်းတိုင်...သို့ စုစုပေါင်းပန်းပုလက်ရာမွန် သုံးခုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားပြီး ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်များကို သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ၏ စင်တင်တင်ဆက်မှုများဖြစ်သော ပြည်ကန်တော်အလှ နတ်မောင်နှမယိမ်းအက၊ ပဏာမဧည့်ခံဂီတသံ (အမျိုးသား+အမျိုးသမီး မင်္ဂလာဆိုင်း)၊ တေးဂီတအမွေမန္တလာမြေ (လူချွန်လူကောင်း)၊ ပေါင်းစည်းခြင်းရဲ့အလှ၊ လှပစီရီအက ပန်းချီယိမ်းအက၊ ထိန်းသိမ်းစို့လေ ယဉ်ကျေးမှုအမွေ (ကျောင်းဆင်းဂုဏ်ပြုတေး-ဂီတ+သဘင်)၊ ကကြိုးစုံလင် မင်းသားအသွင် ယိမ်းအက၊ စည်းလုံးစွမ်းပကား တို့အင်အား (ရုပ်သေး)၊ စုစည်းတီးက သွေးချင်းအလှ (ဂီတ+သဘင်)၊ မင်းကနောင်နှင့်ချစ်ခြင်းမေတ္တာ၊ ဖြစ်ချင်အုံးဟဲ့ . . . မင်းသား (ပြဇာတ်)၊ ဆာယာအန္တိ (ကျောင်းဆင်းလက်ရာမွန်ဇာတ်ကား) တို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် ဧည့်သည်တော်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# (၂၃) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ တက်ရောက်






နေပြည်တော် ဩဂုတ် ၃၀

(၂၃) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးကို ယနေ့တွင် အိန္ဒိယနိုင်ငံဗဟိုဘဏ်မှ Virtual စနစ်ဖြင့် ကြီးမှူးကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် Virtual ဖြင့် တက်ရောက်သည်။

အစည်းအဝေးတွင် အိန္ဒိယနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ Dr. Michael Debabrata Patra နှင့် SEACEN ခေတ္တအမှုဆောင်ဒါရိုက်တာ Dr. Srichander Ramaswamy တို့က အဖွင့်အမှာစကားများပြောကြားသည်။

ဆက်လက်၍ SEACEN ခေတ္တအမှုဆောင် ဒါရိုက်တာက (၂၂) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ခဲ့သည့် ကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ ၂၀၂၄ ခုနှစ်အတွင်း SEACEN Centre ၏ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ လာမည့် ၂၀၂၅ ခုနှစ်တွင် ဦးစားပေးဆောင်ရွက်မည့် သင်တန်းများ၊ ဆွေးနွေးပွဲများ၊ သုတေသနဆိုင်ရာ စာတမ်းများနှင့် SEACEN ပညာသင်ဆုများခွဲဝေပေးမှုအခြေအနေများနှင့် ဘတ်ဂျက်အသုံးပြုရန် လျာထားမှုအခြေအနေများကိုလည်းကောင်း၊ Organisation for Economic Co-Operation and Development (OECD) ကို SEACEN Centre ၏ မဟာဗျူဟာမိတ်ဖက်အဖြစ် လက်ခံနိုင်ရေးကိစ္စ၊ SEACEN Centre ၏ ဝန်ထမ်းများအတွက် လစာပေးမှုဆိုင်ရာကိစ္စရပ်များနှင့် ဝန်ထမ်းများခန့်ထားမှုနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြရာ SEACEN အဖွဲ့ဝင် ဗဟိုဘဏ် ၁၉ ဘဏ်၏ ဒုတိယဥက္ကဋ္ဌများက အကြံပြုဆွေးနွေးမှုများ၊ လမ်းညွှန်မှုများပြုလုပ်ခဲ့ကြသည်။

ယင်းနောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ တံခါးပိတ်အစည်းအဝေးကို ကျင်းပရာ အိန္ဒိယနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ Dr. Michael Debabrata Patra က မေခရိုစီးပွားရေးနှင့် ငွေကြေးမူဝါဒဆိုင်ရာစီမံခန့်ခွဲမှုဌာန၏ ဒါရိုက်တာရာထူးနေရာ ခန့်အပ်ရေး၊ SEACEN Centre ၏ အလယ်အလတ်အဆင့်ဝန်ထမ်းများ၏ စာချုပ်သက်တမ်းတိုးခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းသတ်မှတ်ချက်များနှင့် SEACEN Centre ၏ ဝန်ထမ်းများကလိုက်နာရမည့် ကျင့်ဝတ်များနှင့် စည်းမျဉ်းစည်းကမ်းများကို ဆွေးနွေးခဲ့ကြပြီး လိုအပ်သည့် သုံးသပ်ဆုံးဖြတ်မှုများကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်နှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ (Belt and Road Initiative)၏ ပွင့်လင်းမြင်သာစွာတည်ဆောက်ရေး နှီးနှောဖလှယ်ပွဲတက်ရောက်ပြီး မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိ

**မန္တလေး ဩဂုတ် ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်နှင့်အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ(Belt and Road Initiative)၏ ပွင့်လင်းမြင်သာစွာတည်ဆောက်ရေးနှီးနှောဖလှယ်ပွဲ (The Belt and Road Integrity Construction Local Seminar between Yunnan, China and Southeast Asian Countries)သို့ တက်ရောက်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့မှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် အရှေ့တောင်အာရှနိုင်ငံများနှင့် နိုင်ငံတကာကူးလူးဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန်၊ စီးပွားရေးလုပ်ငန်းများမြှင့်တင်ရန်၊ နယ်စပ်ဖြတ်ကျော် အဂတိလိုက်စားမှုကို တားဆီးနှိမ်နင်းရေးနှင့် ပတ်သက်သောအစီအမံများ ဆောင်ရွက်ရန်နှင့် လိုက်လျောညီထွေမှု တည်ဆောက်ရန်တို့အတွက် ရည်ရွယ်ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်နှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ (Belt and Road Initiative)၏ ပွင့်လင်းမြင်သာစွာ တည်ဆောက်ရေး နှီးနှောဖလှယ်ပွဲ (The Belt and Road Integrity Construction Local Seminar between Yunnan, China and Southeast Asian Countries)အား ကူမင်းမြို့၌ ဩဂုတ် ၂၈ ရက်မှ ဩဂုတ် ၂၉ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး ကျေးလက်လမ်းများ ပိုမိုကောင်းမွန်စေရေး ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဒေါ်စန်းစန်းဝါ၊ မြို့နယ်တာဝန်ခံနှင့် တာဝန်ခံ QC အဖွဲ့ လိုက်ပါလျက် ဩဂုတ် ၂၉ ရက်နံနက်ပိုင်းတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးကြသည်။(**အပေါ်ပုံ**)

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်း ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေ ၁၉၈ ဒသမ ၁ သန်း ဖြင့် Early Bright White Gems ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျောက်ဆည်-ငှက်တောင်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်း ၀/၅ ဒသမ ၄ မိုင်၊ တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေ ၂၀၂ ဒသမ ၅၅ သန်းဖြင့် လူထုရှေ့ဆောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် ကျောက်ဆည်-တံတားဦးလမ်းမှ ငါးလုံးကုန်းကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်း ၀/၄ မိုင် လုပ်ငန်းများအား လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ Quality Control စမ်းသပ်စစ်ဆေးနေမှုအခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းများအား အရည်အသွေးစံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မန္တလေးတိုင်းဒေသကြီး လက်ဝှေ့လက်ရွေးစင် ရွေးချယ်ပွဲကျင်းပမည်

**မန္တလေး ဩဂုတ် ၃၀**

ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မန္တလေးတိုင်းဒေသကြီး လက်ဝှေ့လက်ရွေးစင် ရွေးချယ်ပွဲကို ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိလက်ဝှေ့ကလပ်တွင် စက်တင်ဘာ ၈ ရက်နှင့် ၉ ရက်၌ ကျင်းပမည် ဖြစ်သည်။

လက်ရွေးစင်ရွေးချယ်ပွဲတွင် အမျိုးသမီး ၄၈-၅၀ ကီလိုတန်း၊ ၅၀-၅၂ ကီလိုတန်း၊ ၅၂-၅၄ ကီလိုတန်း၊ ၅၄-၅၇ ကီလိုတန်းတို့ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် ၄၈-၅၁ ကီလိုတန်း၊ ၅၁-၅၄ ကီလိုတန်း၊ ၅၄-၅၇ ကီလိုတန်း၊ ၅၇-၆၃.၅ ကီလိုတန်းနှင့် ၆၃.၅-၇၁ကီလိုတန်းတို့ ပါဝင်သည်။

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်သူဖြစ်ရမည်။ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအဖြစ် ရွေးချယ်ခံရပါက စခန်းသွင်းလေ့ကျင့်သည်မှ ပြိုင်ပွဲပြီးဆုံးသည်အထိ ပါဝင်ယှဉ်ပြိုင်နိုင်သူဖြစ်ရမည်။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်များမှ ပါဝင်ယှဉ်ပြိုင်မည့် အုပ်ချုပ်သူ၊ နည်းပြနှင့် ကစားသမားအမည်စာရင်းကို စက်တင်ဘာ ၅ ရက် နောက်ဆုံးထား၍ အားကစားမှူး ဖုန်း ၀၉-၄၄၉၄၉၉၃၄၄ ထံနှင့် UMC FIGHTING CLUB သို့ ဆက်သွယ်ပေးပို့နိုင်ပြီး နည်းပြနှင့် ကစားသမားများ၏ ခရီးစရိတ်နှင့် စားစရိတ်ကို တိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီမှ ကျခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ) (၀၄၅)**



# အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ကျင်းပ

**ခန္တီး ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၁၃ ရက်အထိ ကျင်းပလျက်ရှိသည်။

မိုးရာသီ အထိမ်းအမှတ်အဖြစ် ခန္တီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲကို ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အသင်း ကိုးသင်းဖြင့် အုပ်စုပတ်လည်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၂၉ ရက် ညနေ ၃ နာရီက ခန္တီးမြို့နယ်ပြည်သူ့အားကစားကွင်းတွင် ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းဟိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခဲ့ကြသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ပါဝင်ယှဉ်ပြိုင်ကစားကြမည့် အားကစားသမားများအား လိုက်လံနှုတ်ဆက်၍ အားပေးစကားများပြောကြားခဲ့ပြီး စစ်ကြောင်းမှူး ဦးဆောင်၍ အားကစားအသင်းများက ချီတက်အလေးပြုကြကြောင်း သိရသည်။

(၃၉၄)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Xiao Zhan ၏ ရုပ်ရှင်သစ် De Xian Jin Zhi မှာ ဒုတိယကမ္ဘာစစ်ဖြစ်ရပ်များ ရိုက်ကူးထား

Xiao Zhan ၏ ရုပ်ရှင်သစ် De Xian Jin Zhi မှာ ဒုတိယကမ္ဘာစစ်ကာလမှ ဖြစ်ရပ်များအကြောင်း ရိုက်ကူးထားခြင်းဖြစ်ပြီး ရိုက်ကူးရေးစတင်နေပြီဖြစ်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Xiao Zhan သည် ကုန်အမှတ်တံဆိပ် Boucheron Brand ၏ နှစ်ကြာမြင့်မှုနှင့်အတူ လက်ဝတ်ရတနာများ၏ ကြော်ငြာရှင်အဖြစ် ရိုက်ကူးထားပြီးနောက် ရုပ်ရှင်သစ် De Xian Jin Zhi ကို စတင် ရိုက်ကူးခဲ့သည်။

အဆိုပါ ရုပ်ရှင်သည် ဒေးလိုက် အင်တာတိန်းမင့်၏ ပထမဆုံးထုတ်လုပ်မည့် ရုပ်ရှင်ဖြစ်ပြီး ဒုတိယကမ္ဘာစစ်ကာလ (၁၉၃၇- ၁၉၄၅)အတွင်း ဇာတ်အိမ်တည်ထားကာ ခေတ်သမိုင်းသုံးခု Nanjang မြို့၊ Yichang မြို့ ကျဆုံးခန်းနှင့် Shipal မြို့ အောင်ပွဲရရှိခန်းများ ပါဝင်သည်။

ယင်းဇာတ်ကားကို ဇာတ်ညွှန်းလန်ရှောင်လိန်၊ ဒါရိုက်တာ ကန့်ရှန့်တို့က လွတ်လမ်းမရှိ တိုက်ရိုက်ရင်ဆိုင်ခြင်း၊ ကြီးမားသော ကွာဟချက်များ၏ တိုက်ပွဲနှင့် စိတ်ဆန္ဒတို့၏ ယှဉ်ပြိုင်မှုကို အဓိကထား ဖန်တီးတင်ဆက်ထားကာ ရိုက်ကူးရေးပုံများ တင်းကြပ်စွာ တားမြစ်ထားသည်။ (SKY)




## Hou Ming Hao ပါဝင်သည့် Dashing Youth ပရိသတ်အားပေးမှု ရရှိထား

ယူကူဇာတ်လမ်းတွဲ Dashing Youth မှ လက်ရှိပြသနေဆဲဖြစ်ပြီး Hou Ming Hao ပါဝင်ထားကာ ပရိသတ်အားပေးမှု ရရှိထားသည်ဟု ဝိန်ဘိုဝက်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားနှင့်အပြိုင် ဟန်ဆက်၏ Snow Fall လည်း စတင်ပြသနေကာ ဂေါင်ဝိန်အန်နှင့်အူရမ်နာနာတို့ အဓိကပါဝင်ထားပြီး အိုင်ဂျီရီ၏ Lovers Rebellon တွင်ဂျိတီအန်နှင့်ကျုန်လင်ဟီတို့ အဓိက ပါဝင်ထားကြသည်။

တန်ဆက်၏ Hidden Charm တွင် ကျန့်ဝမ်ရီနှင့် ဝမ်ချူရမ်တို့ ပါဝင်ထားပြီး ဟူနမ်နှင့် မန်ဂိုတီဗီမှ ဒင်ယူရှီးနှင့်ဒင်းအန်ရှီတို့၏ ဇာတ်ကားသစ်လည်း ထွက်ရှိလာ၍ ပရိသတ် စိတ်ကြိုက်ရွေးချယ်ကြည့်ရှုနိုင်ခဲ့ကြသည်။

(SKY)




## Priyanka Chopra ကို အိန္ဒိယ၏ Global Icon အဖြစ် မီဒီယာများ သတ်မှတ်ထား

ဘောလိဝုဒ်နှင့် ဟောလိဝုဒ်စတားတစ်ဦးဖြစ်သည့် ပရီရန်ကာချိုပရာကို မီဒီယာများက အိန္ဒိယ၏ Global Icon အဖြစ် သတ်မှတ်ထားကြသည်ဟု ဘောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ပရီရန်ကာချိုပရာကို ၁၉၈၂ခုနှစ်တွင် ဆရာဝန်မိဘနှစ်ပါးမှ မွေးဖွားခဲ့၍ အသက် ၄၂နှစ်ပြည့်ပြီးဖြစ်ပြီး မောင်လေးတစ်ဦး ရှိခဲ့သည်။ ပရီရန်ကာချိုပရာသည် ဘောလိဝုဒ်တွင် အနုပညာလုပ်ကိုင်ရင်း ရှာဟိဒ်ကမူးနှင့်သတင်းထွက်ခဲ့ကာ ၂၀၁၃ ခုနှစ်တွင် ဖခင်ဆုံးပြီး ရှာရွတ်ခန်နှင့်သူ့ကြား ပြဿနာဖြစ်ခဲ့၍ အမေရိကသို့ အပြီး ထွက်ခွာခဲ့သည်။

အမေရိကန် အနုပညာလောကတွင် Quantico Series၌ ခေါင်းဆောင် မင်းသမီးအဖြစ် ပါဝင်ခွင့်ရခဲ့ကာ ဟောလိဝုဒ်စတားဖြစ်လာပြီး ၂၀၁၇ ခုနှစ်တွင် အမေရိကန်အဆိုတော်နစ်နှင့် လက်ထပ်၍ ၂၀၂၂ ခုနှစ်တွင် အငှားကိုယ်ဝန်ဆောင်နှင့် သမီးလေးမွေးထားသည်။ (SKY)



## တစ်ရက်လျှင် ဝက်သားပြား နှစ်ချပ်စားရုံမျှဖြင့် ဆီးချိုအမျိုးအစား-၂ ရောဂါကို ပိုမိုဖြစ်ပွားစေနိုင်

တစ်ရက်လျှင် ဝက်သားပြား နှစ်ချပ်စားရုံမျှဖြင့် ဆီးချိုအမျိုးအစား-၂ရောဂါကို ပိုမိုဖြစ်ပွားစေနိုင်ကြောင်း မကြာသေးမီကထုတ်ဝေသော လန်းဆက်ဆေးသိပ္ပံဂျာနယ်တွင် ဖော်ပြသည်။

ဝက်သားပြား၊ ကြက်သား၊ဘဲသားနှင့်ကြက်ဆင်သားစားသုံးမှု အကျိုးဆက်များကို ဗြိတိန်နိုင်ငံ ကိန်းဘရစ်ချ်တက္ကသိုလ်ဆေးဖက်ဆိုင်ရာသုတေသနကောင်စီမှ ပါမောက္ခနီတာဖိုရူဟီ ဦးဆောင်သော သုတေသီများ နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

ထိုသို့ လေ့လာရာမှ တစ်ရက်လျှင် ဝက်သားပြား နှစ်ပြား အလေးချိန်အားဖြင့် ၅၀ဂရမ်ကို ပုံမှန်စားသုံးပါက ဆီးချိုအမျိုးအစား-၂ရောဂါကို ၁၅ရာခိုင်နှုန်း ပိုမိုဖြစ်ပွားစေနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

အဆိုပါသုတေသီများ၏ လေ့လာတွေ့ရှိချက်စာတမ်းအပြည့်အစုံကို လန်းဆက်ဆေးသိပ္ပံဂျာနယ်တွင် ရေးသားဖော်ပြထားကြောင်းသိရသည်။ (SCI)

## Lost You Forever မှ ဇာတ်ကောင်အတွက် Deng Wei နှုတ်ဆက်စာရေးခဲ့

တရုတ်အနုပညာရှင် Deng Wei က မှ Lost You Forever ဇာတ်ကောင်အတွက် နှုတ်ဆက်စာရှည် ရေးသား၍ ရိုက်ကူးရေး ပြီးစီးမှုကို အဆုံးသတ်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားမှ ဇာတ်ကောင်တူရှန့်ကျင်ကို Deng Wei က နှုတ်ဆက်စာရှည် ရေးသားထားရာတွင် "ကျင် ငါတို့ ရင်းနှီးလာခဲ့တာ ဒီနွေရာသီဆိုရင် သုံးကြိမ်မြောက်ပြီနော်။ အတူရှိခဲ့တဲ့ နေ့ရက်တိုင်းမှာ ပျော်ရွှင်ခဲ့ရပါတယ်။ တစ်ယောက်ကိုတစ်ယောက် အဖော်ပြုရင်း လမ်းတွေ အတူလျှောက်ခဲ့ရတယ်။ စစချင်း မင်းက ချင်ချိုးမြို့က ချောမောလှပခံ့ညားတဲ့ သခင်လေးအဖြစ် သိခဲ့ရတယ်။ ဖော်ရွေတဲ့ အပြုံးတစ်ပွင့်နဲ့ ငါ့ဆီလျှောက်လာခဲ့တယ်။ ငါ့ရဲ့ ကမ္ဘာကြီးထဲမှာ နှုတ်ဆက်လက်ဆောင်ထားခဲ့ပြီး ထွက်သွားလိမ့်မယ်လို့ တစ်ခါမှမတွေးမိခဲ့ဘူး" ဟု အစချီရေးသားထားသည်။

နောက်ဆုံးတွင် "ကျင် ငါ့ဆီ ရောက်လာပေးလို့ ကျေးဇူးတင်ပါတယ်။ မင်းရဲ့ ပြည့်စုံခြင်းတွေဟာ အတိုင်းထက်အလွန်ပိုပြီး ပြည့်စုံနိုင်ပါစေ။ မင်းဘဝရဲ့ နေ့ရက်တိုင်း လှပခြင်းတွေ စောင့်ကြိုနေပါစေ။ Lost You Forever ရဲ့ မိသားစုဝင်အားလုံးနဲ့ ပါဝင်သူအားလုံးကို အတူတူ အဖော်ပြုချစ်ခင်ပေး၍ ကျေးဇူးတင်စကားပြောကြားလိုပါတယ်" ဟူ၍ Deng Wei က စာရှည်ရေးပေး၍ နှုတ်ဆက်ထားသည်။ (SKY)



## အင်္ဂလိပ်သရုပ်ဆောင် Natalie Dormer က Game of Thrones တွင် ပါဝင်မည့် ဇာတ်ဝင်ခန်းကို ငြင်းပယ်ခဲ့

အိပ်ချ်ဘီအို၏ ကမ္ဘာကျော်ဇာတ်လမ်းတွဲ Game of Thrones ဇာတ်ညွှန်းတစ်ခုကို အင်္ဂလိပ်သရုပ်ဆောင် နာတာလီဒိုရာမီက ငြင်းပယ်ခဲ့သည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားကို စာရေးဆရာ ဂျော့အာရ်အာရ်မာတင်၏ A song of Ice and Fire ဝတ္ထုမှ ကောက်နုတ်ထားပြီး အပိုင်းရှစ်ထိ အောင်မြင်မှုရထားသည်။



ယင်းဇာတ်ကားတွင် ပါဝင်သည့် ဇာတ်ဝင်ခန်းတွင် အသက်အရွယ်ကွာဟသည့် မိန်းကလေးနှင့် ယောကျ်ားတစ်ဦး၏ ချစ်မှုရေးရာ ပြကွက်များ၊ ညှို့ယူဖမ်းစားနိုင်သည့် စကားလုံးများ ပါဝင်နေပြီး ဝတ္ထုထဲတွင်ရော ဇာတ်ညွှန်းထဲတွင်ပင် စွဲမက်ဖွယ်ကောင်းခဲ့သော်လည်း သရုပ်ဆောင် နာတာလီဒိုရာမီက ငြင်းပယ်ခဲ့သည်။

နာရာသီဒိုရာမီက ဇာတ်ညွှန်းဖတ်ပြီးနောက် အဆင်မပြေ၍ ငြင်းပယ်ခဲ့သဖြင့် ဇာတ်ညွှန်းပြင်ပေးခဲ့ရသည်ဟု တာဝန်ခံ အနုပညာရှင်က ပြောကြားထားသည်။

(SKY)

# တယ်လီဂရမ်လူမှုကွန်ရက်အကြီးအကဲ ပါဗဲလ်ဒူရော့ဗ် အာမခံဖြင့် အချုပ်မှလွတ်လာ၊ ပြည်ပထွက်ခွင့် မရသေး

**ပဲရစ် ဩဂုတ် ၃၀**

တယ်လီဂရမ်လူမှုကွန်ရက် အကြီးအကဲဖြစ်သူ ပါဗဲလ်ဒူရော့ဗ် ဩဂုတ် ၂၈ ရက်က အာမခံဖြင့် အချုပ်မှ လွတ်လာသော်လည်း ပြည်ပထွက်ခွင့် မရသေးကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အသက် ၃၉ နှစ်အရွယ် ဒူရော့ဗ်သည် ပြင်သစ်နိုင်ငံတွင် ၄ ရက်ကြာ ထိန်းသိမ်းခံခဲ့ရပြီးနောက် ရဲဘက်ဆိုင်ရာ စစ်ဆေးမှုအပြီးတွင် သက်ဆိုင်ရာ တရားရုံးကပေးသော အာမခံရရှိခဲ့ခြင်း ဖြစ်ကြောင်း ၄င်း၏ရှေ့နေ ဒေးဗစ်အော်လီဗီယာကာမင်းစကီးက ရှင်းလင်းပြောကြားသည်။

တစ်ကမ္ဘာလုံး၌ သုံးစွဲသူ ပေါင်း သန်း ၉၀၀ ကျော် ရှိနေပြီဖြစ်သော တယ်လီဂရမ်ကို မူလက စာတိုပို့နိုင်သည့် အပလီကေးရှင်းအဖြစ် ဖန်တီးခဲ့ရာမှ ယခုနောက်ပိုင်းတွင် တစ်ကိုယ်ရေလွတ်လပ်ခွင့်အပေါ် မူတည်၍ ပိုမိုလူကြိုက်များလာခြင်း ဖြစ်သည်။

မိမိတို့ လူမှုကွန်ရက်သည် ဥရောပစံနှုန်းများနှင့် သွေဖည်ခြင်း မရှိခဲ့သဖြင့် ပါဗဲလ်ဒူရော့ဗ်ကို တရားစွဲစရာအကြောင်းမရှိဟု ၄င်း၏ရှေ့နေက အတည်ပြုပြောဆိုသည်။

ဒူရော့ဗ်သည် မိမိတို့နိုင်ငံသားဖြစ်ရာ နိုင်ငံရေးနှင့် နီးနွယ်ပြီး ၄င်းကို အမှုဆင်ခြင်းမပြုရန် ရုရှားအစိုးရပြောခွင့်ရသူ ဒမီထရီပက်စကော့ဗ်က ပြင်သစ်အစိုးရကို သတိပေးကြောင်း သိရသည်။

**Mon**

0-0-0-0-0



အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ခ်ဆူလီဗန်ကို တရုတ်သမ္မတ ရှီကျင့်ဖျင် ဩဂုတ် ၂၉ ရက်က ပေကျင်းမြို့တော်၌ လက်ခံတွေ့ဆုံစဉ်။

**Mon**



# တီမောလက်စတေနိုင်ငံ ဒီလီမြို့တော်အနီးတွင် ကျူးကျော်နေအိမ်များကို ဖယ်ရှားရှင်းလင်း

**ဒီလီ ဩဂုတ် ၃၀**

တီမောလက်စတေနိုင်ငံ ဒီလီမြို့တော်အနီးတွင် ကျူးကျော်နေအိမ်များကို အစိုးရက ဩဂုတ်လနှောင်းပိုင်း၌ ဖယ်ရှားရှင်းလင်းပစ်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဗာတီကန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီးမလာမီ မိမိတို့၏ နေအိမ်များကို မြေတူးစက်များဖြင့် ကော်ထုတ်ပြီး ရှင်းပစ်ခဲ့ခြင်းမှာ မတရားကြောင်း နစ်နာသောမိသားစုဝင်များက ထုတ်ဖော်ပြောကြားသည်။

ထိုနေအိမ်များကို တရားဥပဒေနှင့်အညီ ဆောက်လုပ်ခဲ့ခြင်းမရှိသဖြင့် ထိုသို့ ရှင်းလင်းခဲ့ခြင်းသာဖြစ်သည်ဟု အစိုးရပြောခွင့်ရသူက ရှင်းလင်းပြောကြားကြောင်း သိရသည်။

**Mon**

0-0-0-0-0

INTERNATIONAL NEWS

နိုင်ငံတကာသတင်းများ

# မလေးရှားလေကြောင်းပျံသန်းရေးအုပ်စု ခရီးစဉ်များကို ၂၀ ရာခိုင်နှုန်း လျှော့ချမည်

**ကွာလာလမ်ပူ ဩဂုတ် ၃၀**

အမ်အေဂျီဟု အတိုကောက်ခေါ်ဝေါ်သော မလေးရှားလေကြောင်းပျံသန်းရေးအုပ်စုအနေဖြင့် ယခုနှစ်အတွင်း ခရီးသည်တင်လေကြောင်းခရီးစဉ်များကို ၂၀ ရာခိုင်နှုန်း လျှော့ချသွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လေယာဉ်အစင်းရေ မလုံလောက်ခြင်း၊ ကျွမ်းကျင်ဝန်ထမ်းအင်အားနည်းပါးနေခြင်း၊ လေယာဉ်အပိုပစ္စည်း ရှားပါးခြင်းစသော အကြောင်းရင်းများကြောင့် မိမိတို့အုပ်စုက လေကြောင်းခရီးစဉ်များကို လျှော့ချရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း ပြောခွင့်ရသူက ဆိုသည်။

ယင်းဆုံးဖြတ်ချက်သည် ပြည်တွင်းခရီးစဉ်များအပေါ်တွင်သာမက အရှေ့တောင်အာရှ၊ တောင်အာရှ၊ မြောက်အာရှ၊ ဩစတြေးလျ၊ နယူးဇီလန်၊ တရုတ်ပြည်မကြီး၊ အရှေ့အလယ်ပိုင်းဒေသ စသော ပြည်ပခရီးစဉ်များအပေါ်တွင်လည်း အကျိုးသက်ရောက်မည်ဟု ဆိုသည်။

**Mon**



# စင်ကာပူအလံလွှင့်ထူထားသော ကုန်သင်္ဘောက ဩစတြေးလျသင်္ဘောကို ဝင်တိုက်မှု ဖြစ်ပွား



**ကင်ဘာရာ ဩဂုတ် ၃၀**

ဩစတြေးလျနိုင်ငံ ပါ့သ်မြို့ရှိ ဖရီးမန်တဲလ်ဆိပ်ကမ်း၌ ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် စင်ကာပူအလံလွှင့်ထူထားသော ကုန်သင်္ဘောက ဩစတြေးလျသင်္ဘောကို ဝင်တိုက်မှု ဖြစ်ပွားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကွန်တိန်နာများ တင်ဆောင်ထားသည့် မော့စ်ရှေကိုးကုန်သင်္ဘောက အဆိုပါ ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ဩစတြေးလျနိုင်ငံ၏ အကြီးဆုံး လေ့ကျင့်ရေးရွက်သင်္ဘောကြီးကို ဝင်တိုက်မိခဲ့ခြင်း ဖြစ်သည်။

အဆိုပါ မတော်တဆမှုတွင် ဩစတြေးလျရွက်သင်္ဘောကြီးပေါ်မှ သင်္ဘောသား နှစ်ဦး ဒဏ်ရာအနည်းငယ်စီ ရရှိခဲ့သော်လည်း ကုန်သင်္ဘောပေါ်မှ လူ ၂၆ ဦးစလုံး ထိခိုက်မှု မရှိခဲ့ကြောင်း ဆိပ်ကမ်းတာဝန်ခံက အတည်ပြုပြောကြားသည်။

လေ့ကျင့်ရေးသင်္ဘော၏ ရွက်တိုင်နှင့် သင်္ဘောဝမ်း ထိခိုက်ပျက်စီးစေခဲ့သော အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ဖရီးမန်တဲလ်ဆိပ်ကမ်းအာဏာပိုင်များက စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**

STOP AIDS

# လူမသိဘဲ နေအိမ်၌ သေဆုံးမှု ၄၀၀၀၀ ခန့်အထိ ပထမနှစ်လယ်ပိုင်းကာလအတွင်း ဂျပန်၌ ဖြစ်ပွား

**တိုကျို ဩဂုတ် ၃၀**

ယခုနှစ်၏ ပထမနှစ်လယ်ပိုင်းကာလအတွင်း လူမသိဘဲ နေအိမ်၌ သေဆုံးမှု ၄၀၀၀၀ ခန့်အထိ ဂျပန်နိုင်ငံ၌ ဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အိမ်တွင် မိသားစုဝင်မရှိဘဲ တစ်ကိုယ်တည်းနေထိုင်သူများ ထိုသို့ လူမသိဘဲ သေဆုံးရာတွင် ၇၀ ရာခိုင်နှုန်းကျော်သည် အသက် ၆၅ နှစ်အထက်များ ဖြစ်သည်။

၄င်းတို့အနက် လူပေါင်း ၄၀၀၀ ခန့် သေဆုံးသွားသည်ကို တစ်လကျော်ကြာမှ လည်းကောင်း၊ လူ ၁၃၀ ကျော် သေဆုံးသွားသည်ကို တစ်နှစ်ခန့်ကြာမှလည်းကောင်း သိခဲ့ကြသည်။

**Mon**



# ထိုင်းနိုင်ငံ၌ မီးရထားဥမင်လိုဏ်ခေါင်း ပြိုကျမှုဖြစ်ပွား၊ မြန်မာနိုင်ငံသား တစ်ဦးနှင့် တရုတ်နိုင်ငံသား ၂ ဦး သေဆုံး

**ဘန်ကောက် ဩဂုတ် ၃၀**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်၏ အရှေ့မြောက်ဘက် ၁၂၄ မိုင်ခန့်အကွာ ပတ်ချုံခရိုင်အတွင်း မကြာသေးမီက ဖြစ်ပွားသော မီးရထားဥမင်လိုဏ်ခေါင်း ပြိုကျမှု၌ မြန်မာနိုင်ငံသား တစ်ဦးနှင့် တရုတ်နိုင်ငံသား ၂ ဦး သေဆုံးခဲ့သည်ဟု ထိုင်းအာဏာပိုင်များ ဩဂုတ် ၃၀ ရက်က အတည်ပြုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုင်း-တရုတ် မြန်နှုန်းမြင့်မီးရထားလမ်း ဖြတ်သန်းဖောက်လုပ်မည့် ဆောက်လက်စ မီးရထားဥမင်လိုဏ်ခေါင်း ပြိုကျခဲ့ခြင်းဖြစ်ပြီး ၅ ရက်ကျော်ကြာသည်အထိ မြေအောက်တွင် ပိတ်မိနေသူ သုံးဦးကို ကယ်ဆယ်ရန် ထိုင်းနှင့် တရုတ် ကယ်ဆယ်ရေးအဖွဲ့ဝင်များ အစွမ်းကုန်ကြိုးစားခဲ့ကြသော်လည်း အချည်းနှီးဖြစ်ခဲ့ရသည်။

၅ ရက်မြောက်နေ့အထိ ပိတ်မိနေသူ သုံးဦးစလုံး အသက်ရှင်နေသေးသည်ဟု မှတ်ယူကာ ၄င်းတို့ရှိရာသို့ရောက်အောင် ကယ်ဆယ်ရေးသမားများ ဝင်ရောက်ခဲ့သော်လည်း အားလုံး သေဆုံးနေကြပြီဟု ဆိုသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ထိုင်းပြည်ထဲရေးဝန်ကြီး အနုတင်ချန်ဗီရာကူက ဘန်ကောက်မြို့တော်၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Mon**



## ယာဉ်စည်းကမ်း လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ



**ကျောက်ဆည် ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ယာဉ်တိုက်မှုလျှော့နည်းပပျောက်စေရေး ယာဉ်စည်းကမ်း လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လမ်းလျှောက်သူများအနေဖြင့် လမ်းဖြတ်ကူးပါက လိုက်နာရမည့်အချက်များ၊ မော်တော်ဆိုင်ကယ်၊ မော်တော်ကားများဖြင့် ခရီးသွားပါက သတ်မှတ်ယာဉ်ကြောမှ မောင်းနှင်ကြရန်၊ တစ်စီးနှင့်တစ်စီးကပ်လိုက်ပြီး မောင်းနှင်ခြင်း မပြုကြရန်၊ လုမမောင်းကြရန်၊ လမ်းမကြီးမှယာဉ်ကို ဦးစားပေးရန်၊ လမ်းကွေ့ပါက ကြိုတင်အချက်ပြရန်၊ လမ်းဆုံလမ်းကွေ့များတွင် အရှိန်လျှော့မောင်းကြရန်၊ မော်တော်ဆိုင်ကယ်စီးနှင်ပါက လုံခြုံစိတ်ချရသော ဆိုင်ကယ်စီးဦးထုပ်များဆောင်းပြီး မေးသိုင်းကြိုးတပ်ဆင်ကြရန်၊ လမ်းပြောင်းပြန်မမောင်းရန်စသည့် လိုက်နာရမည့် စည်းကမ်းများအကြောင်း ဟောပြောခဲ့သည်။

ဆက်လက်ပြီး ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေ(၂၀၂၀)တွင် ပြဋ္ဌာန်းထားသော ပုဒ်မ ၇၅ ပါအကြောင်းအရာများနှင့် ပုဒ်မ (၇၆)၊ (၇၇)၊ (၈၀)၊ (၈၁)၊ (၈၂)၊ (၈၃)၊ (၉၆)၊ (၉၇)အကြောင်းများနှင့် ရဲအရေးပိုင် ပုဒ်မများဖြစ်သည့် ပုဒ်မ(၇၈)၊ (၇၉)၊ (၈၄)၊ (၈၅) အကြောင်းအရာများအား ဟောပြောခဲ့ရာ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းခဲ့ရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

စုစုအေး(ကျောက်ဆည်)

၀-၀-၀-၀-၀-၀

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြော

**မန္တလေး ဩဂုတ် ၃၀**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟိုမန္တလေး)(AEDA-Mdy)တို့ ပူးပေါင်းကျင်းပသော မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီခွဲက မန္တလေး၊ ချမ်းမြသာစည်မြို့နယ် သုဓမ္မိန္ဒာကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းတည်ထောင်အုပ်ချုပ်သူ ဦးတင်မောင်က အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း (ဗဟိုမန္တလေး) ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး အသင်းဘဏ္ဍာရေးမှူးဒေါ်ခင်မေပိုင်က မူးယစ်သမိုင်းကြောင်းကိုလည်းကောင်း၊ အသင်းအတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားများနှင့် ဆိုးကျိုးအန္တရာယ်များကိုလည်းကောင်း အသိပညာပေးဟောပြောကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား အသင်းအမှုဆောင် ဒေါ်သင်းသင်းဦးက မေးခွန်းများ မေးမြန်းပြီး ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲစေရန် သန္နိဋ္ဌာန်ချွတ်ဆိုကြသည်။



ဟောပြောပွဲသို့ မဟာအောင်မြေ ခရိုင်ရုံးမှ ပညာရေးမှူးဦးစီးအရာရှိ ဒေါ်နှင်းဆီ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(အောက်ပုံ)

(၀၇၀)



## ပွင့်ဖြူ မြို့မစည်ပင်သာယာဈေး၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး

**ပွင့်ဖြူ ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပလတ်စတစ်ပစ္စည်းများ အလွန်အကျွံသုံးစွဲခြင်းကြောင့် ကြုံတွေ့ရမည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအန္တရာယ် လျော့နည်းစေရေးအတွက် ဈေးရောင်း၊ ဈေးဝယ် ပြည်သူများသိရှိစေရန် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို ဩဂုတ် ၂၆ ရက် နံနက် ၇ နာရီခွဲက ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့် ပူးပေါင်းပြီး ပွင့်ဖြူမြို့မစည်ပင်သာယာဈေးအတွင်း၊ အပြင်ရှိ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများကိုတွေ့ဆုံကာ ဈေးရောင်းချရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသည့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုရန်နှင့် ပလတ်စတစ်အစားထိုးပစ္စည်းများဖြစ်သည့် ၄က်ပျောဖက်၊ အင်ဖက်၊ စက္ကူတို့ဖြင့်သာ ထုပ်ပိုးရောင်းချသွားကြရန်၊ ပြည်သူများ အစားအစာဘေးကင်းလုံခြုံရေးအတွက် သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ အသီးအရွက်နှင့် စားကုန်ပစ္စည်းများကို စနစ်တကျရောင်းချကြရန်နှင့် ဈေးဆိုင်ခန်းများဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အလေးထားဆောင်ရွက်ရန်တို့ကို အသိပညာပေးရှင်းလင်းဆွေးနွေးပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ဈေးရောင်း၊ ဈေးဝယ်ပြည်သူများကို သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခြင်း၊ ပလတ်စတစ်ပစ္စည်းသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ပလတ်စတစ်ပစ္စည်းအစားထိုးအသုံးပြုနိုင်ရန် ၄က်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူတို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ (၄၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဟိုပုံးမြို့နယ်နှင့် တောင်ကြီးမြို့တို့တွင် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီတွင် သက်သေများနှင့်အတူ ဟိုပုံးမြို့နယ်၊ ရွာသစ်ကျေးရွာအနီးတွင် ထွန်းထွန်းဦး(ခ)အာဇွင်းဆိုသူ မောင်နှင်ပြီး ယွန်းဂျူလိုင်ဖူးဆိုသူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းတို့ထံမှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၇၈၃ ဂရမ်၊ ကက်တမင်း အလေးချိန် ၄၅ ဂရမ်နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နံနက် ၁၁ နာရီခွဲတွင် အဆိုပါ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ စိုင်းစွမ်ဆိုင်မိုင်း ဆိုသူအား ၄င်းငှားရမ်းနေထိုင်သည့် တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်ရှိ နေအိမ်တွင် လက်ကိုင်ဖုန်းတစ်လုံးနှင့်လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၁၅မိနစ်တွင် မျိုးမင်းထက်(ခ)ကိုထက် ဆိုသူအား တောင်ကြီးမြို့၊ ကျောင်းကြီးစု ရပ်ကွက်ရှိ ဟိုတယ်တွင် ကက်တမင်း အလေးချိန် ၉ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား လည်းကောင်း ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ထွန်းထွန်းဦး(ခ)အာဇွင်း(၂၀)နှစ်၊ ယွန်းဂျူလိုင်ဖူး(၂၆)နှစ်၊ စိုင်းစွမ်ဆိုင်မိုင်း(၂၄)နှစ်နှင့် မျိုးမင်းထက်(ခ)ကိုထက်(၂၇)နှစ်ဆိုသူတို့အား သက်ဆိုင်ရာရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)



## ပင်လောင်းမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဩဂုတ်၂၇ ရက် မွန်းလွဲ ၁နာရီ ၄၅ မိနစ်က သက်သေများနှင့်အတူ ပင်လောင်းမြို့၊ ဈေးတန်းရပ်ကွက်ရှိ ကားဂိတ်တွင် မော်တော်ဆိုင်ကယ်နှင့် ပါဆယ်ပစ္စည်းများလာရောက်ပို့ဆောင်သူ ခွန်တင်ဝင်း ဆိုသူအား စစ်ဆေးရှာဖွေရာ ၄င်းပို့ဆောင်သည့် ပစ္စည်းများအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၁၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ခွန်တင်ဝင်း(၃၃)နှစ်ဆိုသူအား ပင်လောင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းမှ သင်တန်းသားများက လက်တွေ့ကွင်းဆင်းကောက်ယူ



**မန္တလေး ဩဂုတ် ၃၀**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းကို ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ သင်တန်းသားများသည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်အတွင်း လက်တွေ့ကွင်းဆင်း ကောက်ယူကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများဖြစ်ကြသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လွင်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထွဋ်အောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူဦးခိုင်နှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဒေါ်ယုမွန်ကျော်တို့က စာတွေ့၊ လက်တွေ့ သင်ကြားပြသပေးကြပြီး လက်တွေ့သင်ခန်းစာအဖြစ် သန်းခေါင်စာရင်းကွင်းဆင်းကောက်ယူခြင်းကို သင်တန်းသားတစ်ဦးလျှင် သုံးအိမ်နှုန်းဖြင့် သင်တန်းသား ၃၀ ဦးက အိမ်ထောင်စု ၉၀ ကို စာရင်းကောက်ယူကြသည်။

အဆိုပါကွင်းဆင်းကောက်ယူကြရာသို့ မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းထွန်းလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးဇော်လင်းဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အကွက်တာဝန်ခံများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသည်။

တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်လျက်ရှိပြီး ယခုသင်တန်းသားများသည် သက်ဆိုင်ရာခရိုင်၊ မြို့နယ်များတွင် ဆင့်ပွားသင်တန်းများ ပြန်လည်ဖွင့်လှစ်ပေးကြမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၉၃)**

# ဆင်ပေါင်ဝဲမြို့ ၌ ဆေးရုံမိသားစုနေ့ (Hospital Family Day) အခမ်းအနား ကျင်းပ

**ဆင်ပေါင်ဝဲ ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ ဆေးရုံများတွင် ပြည်သူများအသုံးပြုမှု ပိုမိုအားကောင်းလာပြီး ဆေးရုံများမှ ဆောင်ရွက်ပေးသော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအား အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် ဆေးရုံမိသားစုနေ့ (Hospital Family Day) အခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုးသိမ်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ မွန်စိုးရီက ဆေးရုံမှ ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ၊ ဆေးဝါးကုသပေးမှုအခြေအနေများ၊ ကျန်းမာရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး မျိုးဇော်ဟိန်းက ကျေးဇူးတင်စကားပြော ကြားပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများက တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ဆေးရုံကုသဆောင်များတွင် ဆေးရုံတက်ရောက်နေသော လူနာများအား ဆေးပစ္စည်းများနှင့် အာဟာရဒါနစားသောက်ဖွယ်ရာများ ထောက်ပံ့ပေးပြီး အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

**ပန်းမန်သစ်ပင် လေသန့်စင်၍**
**ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၃၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "User@563057224444"TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ထိန်ကုလားကုန်းကျေးရွာနေ လင်းထက်(ခ) သာဂိအား မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင် လည်းကောင်း၊ "Nyan Lin Htet" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မြောက်ရွာမရပ်ကွက်နေ ညဏ်လင်းထက်အား ညနေ ၄ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ "Daw Aye Zin Maw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၀၅)ရပ်ကွက်နေ အေးဇင်မော်အား ည ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကလေးမြို့မှ ချင်းပြည်နယ်သို့ ဆန်နှင့် လျှပ်စစ်ပစ္စည်းများကို သယ်ယူတင်ပို့ခွင့်ပိတ်ပင်ထားကြောင်း သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ ချင်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များသို့ ဆန်နှင့် လျှပ်စစ်ပစ္စည်းများ သယ်ယူတင်ပို့ခွင့် ပိတ်ပင်ထားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာတွင် ဝါဒဖြန့်ဝေရေးသားလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဒေသခံပြည်သူများအတွက် အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို သယ်ယူတင်ပို့ခွင့်များအား စနစ်တကျစစ်ဆေးကြပ်မတ်၍ သယ်ယူခွင့် ခွင့်ပြုထားကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် တရားမဝင် ပြည်ဖျက် မီဒီယာများက ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# မန္တလေးမြို့ပေါ်တွင် နှစ်ရက်အတွင်း လူငယ် ၂၀ ခန့် ဖမ်းဆီးခံရကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးနှင့် ပြည်ကြီးတံခွန်မြို့ပေါ်ရှိ ရပ်ကွက်များတွင် ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက် နှစ်ရက်အတွင်း လူငယ် ၂၀ ခန့်ကို စစ်မှုထမ်းရန်အတွက် တပ်မတော်က ဖမ်းဆီးထားကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မန္တလေးမြို့ပေါ်တွင် စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်များအား ဖမ်းဆီးနေသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မန္တလေးမြို့အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် လှည့်ကင်း၊ ပတ်ကင်းများကို မန္တလေးမြို့မှ တာဝန်သိပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်းနှင့် စစ်မှုထမ်းဆောင်ခြင်းနှင့် ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုပြဋ္ဌာန်းထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင် ပြည်ဖျက်မီဒီယာများက မန္တလေးမြို့အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၂/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၃၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၂/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်းနှင့် ဌာနမှူးများ၊ ပြင်ပဌာနဆိုင်ရာအသီးသီးမှ သင်တန်း၌ လာရောက်ပြသပေးခဲ့ကြသည့် သင်တန်းနည်းပြအရာထမ်းများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူဝန်ထမ်း ၃၀ ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် (၅-၈-၂၀၂၄)ရက်မှ (၃၀-၈-၂၀၂၄)ရက်အထိ ရက်သတ္တ လေးပတ်တာဖွင့်လှစ်ခဲ့သည့် ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၂/၂၀၂၄)သို့ တက်ရောက်ခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ကော်မတီ၏ ဌာနကြီး ၁၄ ခု လုပ်ငန်းသဘောသဘာဝ၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ရုံးစာရေးသားနည်း၊ ရုံးစာများ စနစ်တကျထိန်းသိမ်းနည်း၊ အချိန်မီပြီးပြည့်စုံသည့် ရုံးစာများ စနစ်တကျနှင့် မှန်ကန်စွာ ပြုစုရေးသားတင်ပြနည်း၊ နိုင်ငံ့ဝန်ထမ်းတိုင်း ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့်ကျင့်ဝတ်၊ လိုက်နာရမည့်စည်းကမ်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေ၊ လုံခြုံရေးဆိုင်ရာအသိပညာ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာ၊ လူမှုဖူလုံရေးဆိုင်ရာ အသိပညာ၊ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာရပ်ဆိုင်ရာ အသိပညာ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အသိပညာနှင့် သင်တန်းပို့ချသူ ဆရာ၊ ဆရာမများ၏ အတွေ့အကြုံများ စသည်တို့ကို ကော်မတီတွင်းမှ သာမက ပြင်ပနည်းပြများကိုပါ ဖိတ်ကြား၍ အချိန်တိုအတွင်း သိသင့်သိထိုက်သည်များကို သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း။

သင်တန်းဆင်းဝန်ထမ်းများအနေဖြင့် သင်တန်းကသင်ကြားပေးလိုက်သည့် အကြောင်းအရာများသည် အခြေခံသဘောတရားများသာဖြစ်၍ ဆက်လက်ပြီး မိမိလုပ်ငန်းခွင်မှာ လေ့လာကြိုးစားဆောင်ရွက်ကြရမှာဖြစ်သည့်အပြင် လုပ်ငန်းခွင်အခက်အခဲများ ကြုံတွေ့ရသည့်အခါတိုင်း၌လည်း ယခင်ဖြေရှင်းဆောင်ရွက်ခဲ့သည့် နည်းလမ်းများကို အတွေ့အကြုံရှိ လုပ်သက်ရင့်ဝန်ထမ်းကြီးများကို မေးမြန်းခြင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း အကြံဉာဏ်ယူတိုင်ပင်ဆောင်ရွက်ခြင်း၊ ယခင်အမှုတွဲများကို ဖတ်ရှုလေ့လာခြင်းတို့ဖြင့် မိမိအားပေးအပ်ထားသည့် တာဝန်များကို အခက်အခဲမရှိ အကောင်းဆုံး အချိန်မီဖြေရှင်းဆောင်ရွက်နိုင်အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့တော်နေပြည်သူများထံမှ ဥပဒေနှင့်အညီ ထိုက်သင့်သည့် အခွန်အခများကို ကောက်ခံပြီးမှ ရရှိလာသည့် ဘဏ္ဍာငွေအပေါ်မူတည်ကာ နှစ်အလိုက် မန္တလေးမြို့တော် တိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ဘဏ္ဍာနှစ်အလိုက် လျာထားသည့် ဌာနအသီးသီး၏ သတ်မှတ်လျာထားပြီးဖြစ်သော အခွန်အခများကို လျာထားချက်အတိုင်း အပြည့်အဝရရှိအောင် ကြိုးစားကောက်ခံဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ကောက်ခံရရှိလာသည့် အခွန်အခငွေကြေးများကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာပြီး လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် နေ့စဉ်ကောက်ခံခြင်း၊ စနစ်တကျ အပ်နှံခြင်း၊ အဆင့်ဆင့်ဆောင်ရွက်ပြီးစီးမှုသတင်းပို့ခြင်းလုပ်ငန်းများကို အမြဲအလေးထားဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် ဌာနအသီးသီးရှိ မိမိတို့အသုံးပြုနေသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ပရိဘောဂများ၊ မော်တော်ယာဉ်နှင့် စက်ယန္တရားများ၊ စာရေးကိရိယာများ၊ စက်သုံးဆီများ၊ အခြားတည်ဆောက်ရေးပစ္စည်းများကိုလည်း မိမိပိုင်ပစ္စည်းကဲ့သို့ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ အလေအလွင့်မရှိစေရေးတို့အတွက် စာရင်းဇယားများဖြင့် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းသုံးစွဲဆောင်ရွက်ကြဖို့ကိုလည်း မှာကြားလိုကြောင်း။

ဝန်ထမ်းများအနေဖြင့် ဌာနများရှိ အထူးအရေးကြီးထိန်းသိမ်းကြရမည့် အဆင့်အလိုက် စာရွက်စာတမ်းများ လုံခြုံရေး၊ စနစ်တကျရှိရေး၊ မိမိနေစဉ်မှာ ရုံးလုပ်ငန်းခွင်လုံခြုံရေး၊ စနစ်တကျရှိရေးတို့အတွက် တာဝန်ရှိသည့်အပြင် မိမိရုံးနှင့်ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရေးအတွက်ကိုလည်း နေ့စဉ်ထိန်းသိမ်း ကိုယ်တိုင်လိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အထက်မှ ပေးအပ်လာသည့် အမိန့်နှင့် တာဝန်များကို လေးစားစွာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန်လိုအပ်ပြီး သို့မှသာ နောက်လိုက်ကောင်းဖြစ်လာကာ နောင်တွင် ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်လာမှာဖြစ်ကြောင်း။







မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ နေ့စဉ်လာရောက်ကြပြီး စည်ပင်သာယာရေးဆိုင်ရာ ဝန်ဆောင်မှုများရယူရန် လျှောက်ထားလာကြမည့် ပြည်သူများ၏ တင်ပြချက်များ၊ လျှောက်ထားလာမှုများကိုလည်း မြန်မြန်ဆန်ဆန်၊ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးကြပြီး မိမိကြောင့် ကြန့်ကြာမှုမရှိအောင် လျင်မြန်စွာ စိစစ်ဆောင်ရွက်ပေးကြရန်နှင့် ရုံးလုပ်ငန်းများကို အဆင့်ဆင့်နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ အဆင့်ဆင့်လျင်မြန်စွာ စိစစ်တင်ပြဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း။

သင်တန်းသားများကို အထူးမှာကြားလိုသည်မှာ ထမ်းဆောင်ရမည့်တာဝန်ဝတ္တရားများကို သိရှိပြီးဖြစ်၍ ရောက်ရှိဌာနနေရာများတွင် မိမိကာလတာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးကြရန်၊ ဝန်ထမ်းကောင်းတစ်ဦး၊ နောက်လိုက်ကောင်းတစ်ဦးဖြစ်အောင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ နေထိုင်ပြောဆိုလိုက်နာဆောင်ရွက်ကြရန်၊ အထက်မှ ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် ဝန်ထမ်းကောင်းတစ်ဦးဖြစ်အောင် စိတ်ထားကောင်းဖြင့် မိမိလုပ်ငန်းများဆောင်ရွက်ပေးကြရန်၊ ဝန်ထမ်းအချင်းချင်း၊ ဌာနအချင်းချင်းပူးပေါင်းဆောင်ရွက်၍ လုပ်ငန်းအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်၊ နေ့စဉ်ကိုင်တွယ်အသုံးပြုတာဝန်ယူရသည့် ငွေကြေးဆိုင်ရာများ၊ ဘဏ္ဍာရေးစည်းမျဉ်းလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်ပေးကြရန်၊ ဌာနမှ စေလွှတ်သည့် သင်တန်းအဆင့်ဆင့်တက်ရောက်သူတိုင်းအကောင်းဆုံးဖြစ်အောင် ဌာန၏ဂုဏ်သိက္ခာ စွမ်းဆောင်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားသင်ယူလိုက်နာဆောင်ရွက်ပေးကြရန်၊ မိမိတို့တာဝန်ကျ ဌာနအသီးသီးတွင် တာဝန်သိ၊ တာဝန်ယူသည့် ပြည်သူလူထုအတွက်

စာမျက်နှာ ၁၃ သို့ ❍

❍ စာမျက်နှာ ၁၂ မှ

လုပ်ကျွေးပြုစုနိုင်သည့် ဝန်ထမ်းကောင်းတစ်ဦးဖြစ်လာစေရေး ကြိုးပမ်းကြရန်၊ မည်သည့်လုပ်ငန်းမဆို စေတနာအပြည့်အဝထားရှိ လုပ်ဆောင်ပေးကြရန်နှင့် လုံခြုံရေးသတိအမြဲရှိကြရန် ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် သင်တန်းအတွက် ပြင်ပဌာနအသီးသီးမှ အချိန်ပေးလာရောက်ပြသပေးခဲ့ကြသည့် ဌာနဆိုင်ရာ အကြီးအကဲများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအား ထပ်ဆင့်မှာကြားလိုသည်မှာ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆိုသည့်အတိုင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် တာဝန်များကို ကျေပွန်စွာ လိုက်နာထမ်းဆောင်ခြင်း၊ ဝန်ထမ်းစည်းကမ်းများကို လိုက်နာခြင်းတို့ဖြင့် မန္တလေးမြို့တော်နေပြည်သူများအတွက် စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများကို စေတနာထား၍ မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးကြရန်နှင့် မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ထမ်းဆောင်ပေးကြရန်၊ မိမိတို့အားပေးအပ်ထားသည့် တာဝန်များကို ကျေပွန်အောင် နေ့စဉ်ကြိုးစားဆောင်ရွက်တဲ့ဝန်ထမ်းကောင်းများဖြစ်အောင် လက်ဆင့်ကမ်းတာဝန်ယူကြိုးစားဆောင်ရွက်ကြပါဟု တိုက်တွန်းပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ မြို့တော်ဝန်က သင်တန်းတွင် ထူးချွန်ပထမဆုရ ဒေါ်စန္ဒာလှိုင် (စာရင်းကိုင်-၄၊ ဘဏ္ဍာရေးဌာန)၊ ထူးချွန်ဒုတိယဆုရ ဒေါ်နော်အင်ကြင်းဖြူ (လုပ်သား၊ အခွန်ဌာန)၊ ထူးချွန်တတိယဆုရ ဒေါ်အိအိမျိုး(ငွေကိုင်-၄၊ စီမံရေးရာဌာန)တို့အား ဂုဏ်ပြုဆုများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တွဲဖက်အတွင်းရေးမှူးက ပြင်ပဌာနဆိုင်ရာအသီးသီးမှ သင်တန်းနည်းပြ ဆရာ၊ ဆရာမများကို ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ ကော်မတီဝင်(၁)က သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံသို့လည်းကောင်း ပေးအပ်ခဲ့ကြပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁ လမ်းနှင့်၇၂လမ်းကြားတွင် ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။ **(အောက်ပုံ)**




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူးဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

# ကိုယ်တိုင်ကြိုးစားမှု၊ စိတ်ဝင်စားမှုတို့ဖြင့် ပညာသင်ဘဝမှ လက်မှုအနုပညာရှင်၊ လုပ်ငန်းရှင်ဖြစ်လာနိုင်မည့် ရွှေချည်ထိုး၊ ငွေချည်ထိုး သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၃၀**

အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံအနေဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု(ပုံမှန်) သင်တန်း(၆)မျိုးအား ခေတ်မီချည်မျှင်နှင့် အထည်အလိပ် အတတ်ပညာများ လေ့ကျင့်သင်ကြားပေးရန်နှင့် ကျွမ်းကျင်သူများ မွေးထုတ်ပေးရန်၊ ရိုးရာရက်ကန်းအတတ်ပညာများ ထိန်းသိမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသတွင်းလိုအပ်ချက်နှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်တန်းများ ပို့ချပေးရန်၊ ရက်ကန်းလုပ်ငန်းရှင်များအသင်းအဖွဲ့များနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုပညာသင်မှသည် ထုတ်လုပ်မှုပညာရှင်များ ဖြစ်ပေါ်လာစေရန်၊ နှစ်စဉ် စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိရာ ၂၀၂၄ ပညာသင်နှစ်၊ စက်တင်ဘာ ၁ ရက်၌ ရွှေချည်ထိုး၊ ငွေချည်ထိုး သင်တန်းအား ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

"ဒီခေတ်မှာ ရွှေချည်ထိုး၊ ငွေချည်ထိုးပညာရပ်ဟာ ပန်းချီကားချပ်အဖြစ်သာမက စက်ချုပ်ပညာရပ်နဲ့ပါတွဲပြီး မြန်မာသတို့သမီးဝတ်စုံချုပ်ရာမှာ အလှဆင်နိုင်တဲ့ပညာရပ်တစ်ခုလည်း ဖြစ်ပါတယ်။ မိသားစုဝင်ငွေတိုးပွားနိုင်တဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်ပြီး ပညာလည်းအခမဲ့၊ ထောက်ပံ့ကြေးလည်း ခံစားရင်း ကိုယ်တိုင်ကြိုးစားမှု၊ စိတ်ပါဝင်စားမှုပေါ်မူတည်ကာ ပညာသင်ဘဝမှသည် လက်မှုအနုပညာရှင်၊ လုပ်ငန်းရှင်ဖြစ်လာနိုင်တဲ့ အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်"ဟု ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်က ပြောသည်။

ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ ၂၀၂၄ ပညာသင်နှစ်၊ ရွှေချည်ထိုး၊ ငွေချည်ထိုး သုံးလ(တတိယအကြိမ်) သင်တန်းအား သင်တန်းသား၊ သင်တန်းသူ ငါးဦးဖြင့် စက်တင်ဘာ ၁ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ လျှောက်ထားသူများအနေဖြင့် အခြေခံပညာမူလတန်းအောင်မြင်ပြီး ၁၆ နှစ်မှ ၂၅ နှစ်အတွင်း ဖြစ်ရမည်ဖြစ်ကြောင်း၊ သင်တန်းတိုင်းအတွက် ရေ၊ မီး အပြည့်အစုံ အဆောင်(အခမဲ့)နေထိုင်ခွင့်၊ ပညာသင်ထောက်ပံ့ကြေး တစ်ဦးလျှင် တစ်လ ငွေကျပ် ၃၀၀၀၀ ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း၊ အမှန်တကယ်စိတ်ဝင်စားပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများအား အသက်ကန့်သတ်ချက်လျှော့ပေါ့ပြီး လက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ) (မန္တလေးနေ့စဉ်-၄)**



# မိုးစပါးရိတ်သိမ်းမှုအပြီး ပဲပုပ်သီးနှံကို တိုးချဲ့စိုက်ပျိုးသွားမည်

**မန္တလေး ဩဂုတ် ၃၀**

စားသုံးဆီထုတ်လုပ်မှုသာမက ကြိတ်ဖက်ကို ပြည်တွင်းမွေးမြူရေး တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်မည့် ပဲပုပ်သီးနှံကို တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

မြန်မာ့ပဲပုပ်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စပါးရိတ်သိမ်းအပြီး ပဲပုပ်သီးထပ်စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအားမြှင့်တင်ခြင်း စီမံကိန်းကို ၂၀၂၄-၂၀၂၅ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရန် နေပြည်တော်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

စားသုံးဆီထုတ်လုပ်မှုသာမက ကြိတ်ဖက်ကို ပြည်တွင်းမွေးမြူရေး တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်မည့် ပဲပုပ်သီးနှံကိုလည်း တိုးချဲ့စိုက်ပျိုးရန်၊ သီးတောင့်ပါဝင်မှုများပြီး အထွက်နှုန်းတည်ငြိမ်ကာ ဒေသမရွေး စိုက်ပျိုးနိုင်သည့် အထွက်နှုန်းကောင်းမျိုး ရေဆင်း-၁၅ ပဲပုပ်မျိုးကို တစ်နိုင်ငံလုံး၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်၌ ပဲပုပ်သီးနှံကို မိုးရာသီတွင် အဓိက စိုက်ပျိုးပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးများ၌ မြစ်ရေကျချိန်တွင်လည်းကောင်း၊ မိုးနှောင်းသီးနှံအဖြစ် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင်လည်းကောင်း ပဲပုပ်သီးနှံကို စိုက်ပျိုးကြသည်။

၂၀၂၃-၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ဧက၏ ၃၀ ရာခိုင်နှုန်း၊ မိုးနှောင်းနှင့် ဆောင်းသီးနှံစိုက်ဧက ၇၀ ရာခိုင်နှုန်း စိုက်ပျိုးခဲ့သဖြင့် တစ်နိုင်ငံလုံး၌ စုစုပေါင်း ပဲပုပ်စိုက်ဧက ၃ ဒသမ ၄ သန်းကျော် စိုက်ပျိုးခဲ့ပြီး တန်ချိန် ၅ ဒသမ ၈ သန်းကျော် စိုက်ပျိုးထုတ်လုပ်ထွက်ရှိခဲ့သည့် ပဲပုပ် မတ်ထရစ်တန်ချိန် ၆၀၀၀ ကျော်ကို ပြည်ပသို့ တင်ပို့လျက်ရှိသည်။

လက်ရှိ ဩဂုတ် ၂၉ ရက် မန္တလေးဈေးကွက်တွင် ပဲပုပ်(ကာဘိုး) ၅၃ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ပဲပုပ်(ဗမာ) ၅၃ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ ပဲပုပ်(ရှမ်း) ၅၃ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ်၃၈၀၀၀၀-၄၀၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**




## ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်းယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ (ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ) လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# မိမိထားလိုသည့်အာရုံကို အသိသတိနှင့် ထိန်းသည်ဆိုရာဝယ်

စာရေးသူသည် လွန်ခဲ့သည့် နှစ်နှစ်က နေ့စဉ်မပြတ်နီးပါး နှစ်ချီ၍ ဝိပဿနာကို အားထုတ်ခဲ့ပြီ။ နေ့စဉ်ဆိုတာ မိနစ်ပိုင်းမှ နာရီပိုင်းသာ၊ မိနစ်ပိုင်းသာ များပါသည်။ ဝိရိယထား အပန်းတကြီး ကြိုးကုတ်အားထုတ်သည့်အဆင့်ကား မဟုတ်ပါ။ သို့ဖြစ်၍ အထိုက်အလျောက် အေးငြိမ်းမှု၊ ပီတိသုခလည်း ရသင့်သလောက် ရပါသည်။ သို့ရာတွင် ခန္ဓာဖြစ်ပျက်ကို မြင်သည့်၊ မှန်းသည့် ဘာဝနာမနညာဏ်သည်ကား လုံးလုံးမျှပင် မရသေးပါ။ ယင်းသည် လည်း မိမိ၏ သီလ၊ သမာဓိအားနည်း၍သာ ဖြစ်ပါသည်။ ဟေမဝတသုတ္တန်တွင် ဘုရားရှင်က ကိလေသာကင်းကြောင်း အလုပ်ကိုလုပ်ရာဝယ် ပထမ 'သဗ္ဗဒါ သီလသမ္ပန္နော'ဟု ဆိုပါသည်။ အခါခပ်သိမ်းထက်ဝန်းကျင် သီလနှင့် ပြည့်စုံနေရမည်ဟု နားလည်ပါသည်။ သီလရှိမှ သမာဓိဖြစ်မည်။ သမာဓိကောင်းမှ ဖြစ်ပျက်မြင်သည့် ဘာဝနာမနညာဏ်ဖြစ်မည်ဟု ယုံကြည်ထားပါသည်။

မိမိအတွေ့အကြုံအရလည်းကောင်း၊ အလုပ်တရားပေးကြသည့် ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၏ ဆုံးမလမ်းညွှန်မှုအရလည်းကောင်း မိမိတရားအားထုတ်ခဲ့စဉ် သတိ၊ သမာဓိဖြစ်အောင် ထိန်းသည့်အရာများကို အနည်းငယ်ရေးသားလို၍ အစပြုခြင်း ဖြစ်ပါသည်။

ဝိပဿနာဘာဝနာကိုလည်း သမာဓိရအောင် ဝင်လေ၊ ထွက်လေမှတ်ခြင်း သိခြင်းအလုပ်ဖြင့် စရပါသည်။ ဤတွင် စလုပ်ကာစ၌ ပထမတော့ ဝင်လေ၊ ထွက်လေကို သိပေးနေရင်းက နည်းနည်းကြာလာတော့ စိတ်က တခြားနေရာတွေကို ရောက်သွားတတ်သည်။ တခြားနေရာရောက်မှန်းသိတော့ ဝင်လေ၊ ထွက်လေမှာအာရုံပြန်ထား၊ ဒီလိုနဲ့ထားတဲ့အာရုံမှာ စိတ်က မနေလိုက်၊ ပြန်သတိထား စုစည်းလိုက်နဲ့ နာရီဝက်၊ လေးဆယ့်ငါးမိနစ်သာ ကုန်သွားတယ်၊ ဘာသမာဓိမှ မဖြစ်လိုက်တာမျိုး ရှိခဲ့ပါသည်။

ဆရာတော်ကြီးတချို့ပြောသလို မောင်ထိုင် မယ်ထိုင်ဖြစ်ပြီး တင်ပါးသာပူသွားတယ်၊ သတိ သမာဓိ ကောင်းကောင်းမဖြစ်တာမျိုးပေါ့။ ဒါနဲ့ သဒ္ဓါ၊ ဝိရိယပြန်တင်ပြီး ထိုင်ပါများလာတော့ စိတ်အပြင်ထွက်တာ ပါးလာသည်။ အတော်အတန် စိတ်ကို ထိန်းနိုင်လာသည်။ ထိုအခါ ညောင်းတာ၊ ညာတာလည်း မေ့သွားသည်။ ပတ်ဝန်းကျင်က ကြားတာတွေကိုလည်း လျစ်လျူရှုနိုင်လာသည်။ ဒါပေမဲ့ ကြာကြာမဖြစ်၊ သမာဓိက လွတ် လွတ်သွားပြန်သည်။ ဒါကြောင့် ရိပ်သာတွေမှာ ဆရာတော်ကြီးများ၊ တရားစစ် ထိန်းကြပ်သည့်ပုဂ္ဂိုလ်များက 'သတိထား၊ ဝိရိယစိုက်၊ မလွတ်စေနဲ့'လို့ ခဏ ခဏ သတိပေးကြတာ ဖြစ်သည်။

**'ဝင်လေသိ ထွက်လေသိ'**

မိမိလည်း တရားထိုင်စဉ် ဝင်လေ၊ ထွက်လေအပေါ်မှာ သတိမြဲစေရန် အမျိုးမျိုးမှတ်ကြည့်သည်၊ စေ့ဆော်ထိန်းကြည့်ပါသည်။ ပထမ 'ဝင်လေ သိ၊ ထွက်လေ သိ'။ ဒါနဲ့မရသေး လွတ် လွတ်သွားလို့ 'ဝင်လေ အစကနေ အဆုံးထိ သိ ၊ ထွက်လေ အစက အဆုံးထိ သိ'လို့ နှိုးဆော်ကြည့်ပြန်ပါသည်။ စိတ်ကို ထိန်းရတာ အင်မတန်မှ ခက်ပါသည်။ ဝင်လေနဲ့ ထွက်လေတစ်စုံ ကြာလှငါးစက္ကန့်ပေါ့၊ သည်အချိန်လေးမှာ စိတ်ကဖြစ်နေတာတွေ မြန်လိုက်တာ၊ ဟိုး အဝေးကြီးထိ ပြေးထွက်သွားတတ်သည်။ ဘယ်အချိန် ထွက်သွားမှန်းပင် မသိလိုက်၊ စိတ်က အဲ့နေရာ ရောက်နေပြီးမှသာ သိစိတ်က မှတ်သိစိတ်ကို သိရသည်။ တစ်မျိုးပြောင်းမှတ်ကြည့်ပြန်သည်။ 'လေလေး တိုးဝင်တာ စ, လယ်, ဆုံး သိ၊ လေလေးတိုးထွက်တာ စ, လယ်, ဆုံး သိ'ပေါ့။ ဒီလိုနဲ့လည်း ကြိုးစားပါသည်။ တချို့ကလည်း 'တိုးဝင်သိ၊ တိုးထွက်သိ'ဟု မှတ်ကြသည်။

**ဂဏန်းဖြင့် ရေတွက်ခြင်း**

ယင်းကို ဂဏာနနည်းဟု စာတွင်ဆိုသည်။ ယင်းမှာ လေဝင်တာ၊ ထွက်တာ တစ်ကြိမ်၊ တစ်နည်းအားဖြင့် ဝင်လေ၊ ထွက်လေ တစ်စုံဖြစ်ပြီးတိုင်း 'တစ်' ဟု မှတ်ခြင်းပင်။ ယင်းကို တစ်ဆယ်အထိ၊ ဆယ်ကြိမ်ပြီးအထိ မှတ်။ ထိုသို့ တစ်ဆယ်အထိ ဆယ်ကြိမ်ရပြီးလျှင် တစ်စုံဟု မှတ်ယူရမည့်သဘောပါ။ တစ်စုံသည် ဝင်လေ၊ ထွက်လေ အကြိမ်ပေါင်း တစ်ရာပေါ့။ စာရေးသူသည် လေးစုံ အကြိမ် လေးရာအထိ မှတ်ဖူးပါသည်။ ယင်းသည် နာရီဝက်ကျော်ကျော်ခန့် ရှိပါသည်။ အထိုက်အလျောက် သမာဓိဖြစ်ပါသည်။ ပြီးလျှင် မှတ်သိစိတ်က မှတ်သိရမည့်နေရာတွင် အတော်အတန် တည်နေပြီဖြစ်က မိမိမှတ်မြဲတိုင်း ဆက်မှတ်နေရုံသာ။

**သိရုံသာ သိပေးနေခြင်း**

ယင်းမှာ သမာဓိ အတော်အတန်ရပြီးမှသာ ဖြစ်သည်။ မိမိစိတ်သည် မိမိထားလိုသည့်အာရုံပေါ်တွင် မြဲမြံနေပါက စိတ်သည် အခြားသို့ မလွင့်တော့ပါ။ ကြားစိတ်၊ အခြားစိတ်၊ ကိလေသာ အကုသိုလ်စိတ်များ မလာတော့ခြင်းကို ဆိုလိုတာပါ။ ယင်းမှာ အချိန်ပိုင်းအားဖြင့် မိမိသမာဓိသည် အဓိပတိတပ်သည့် အားကောင်းသည့် အဆင့်ကို ရောက်နေတာပါ။ စာရေးသူလည်း ဖြစ်ဖူးပါသည်။ ယင်းသည် ထိုင်တိုင်း မဖြစ်ပါ။ ထိုအချိန်မျိုးတွင် ကြားဖြည့်ပြောလိုသည်မှာ မိမိအား ကမ္မဋ္ဌာန်းပြခဲ့သည့် သီလရှင်ဆရာကြီး လမ်းညွှန်သည့်အတိုင်းဆိုလျှင် ခန္ဓာကိုယ်နှင့် စိတ်ကိုလည်း တင်းမထားဘဲ လျှော့ထားပါ။

**မိမိစိတ်သည်**
**မိမိထားလိုသည့်အာရုံပေါ်တွင် မြဲမြံနေပါက**
**စိတ်သည် အခြားသို့ မလွင့်တော့ပါ။**
**ကြားစိတ်၊ အခြားစိတ်၊**
**ကိလေသာ အကုသိုလ်စိတ်များ**
**မလာတော့ခြင်းကို ဆိုလိုတာပါ။**
**ယင်းမှာ အချိန်ပိုင်းအားဖြင့်**
**မိမိသမာဓိသည် အဓိပတိတပ်သည့်**
**အားကောင်းသည့်အဆင့်ကို ရောက်နေတာပါ။**

သဲအင်းဂူဆရာတော်ကတော့ 'စားပွဲပေါ်မှာ ကော်ပတ်ရပ်လေး တင်ထားသလို သူ့ဟာသူပစ်ထားလိုက်ပါ'တဲ့။ ကော်ပတ်ရုပ်ဆိုတာ အရုပ်လေ၊ လှုပ်စရာအကြောင်းမရှိတာ။ သမာဓိကောင်းလာရင် လှုပ်ဖို့လည်း အာရုံမထားတော့ပါ၊ အခြားစိတ်ကိုလည်း ကူးလို့မရတော့ပါ၊ မိမိအနေဖြင့်မူ တရားထိုင်၍ အင်မတန်ကောင်းနေသည့် အဆင့်ပါ။ ယင်းကဲ့သို့ မိမိ လေးငါးကြိမ်သာ ဖြစ်ဖူးပါသည်။

**အဓိပတိတပ်ခြင်း**

စာပေတွင်လည်းကောင်း၊ စာရေးသူ နာဖူးခဲ့သည့် တရားတော်များမှလည်းကောင်း သိရသည်မှာ တရားထိုင်ရာ၌ မိမိကိုယ်မိမိ အဓိပတိတပ်၍ ထားရန်ဖြစ်သည်။ အဓိပတိတပ် တရားထိုင်ရခြင်းသုံးမျိုးရှိရာ ယင်းတို့မှာ မိမိကိုယ်မိမိ အဓိပတိတပ်ခြင်း၊ သူတစ်ပါးကို အဓိပတိတပ်ခြင်း၊ တရားတော်ကို အဓိပတိတပ်ခြင်း ဖြစ်သည်။ အကျယ်မရေးတော့ပါ။

မိမိတရားထိုင်စဉ်တွင် ဂဏန်းမှတ်၍ တပ်ခြင်းဖြင့် ဆောင်ရွက်ဖူးပါသည်။ ဝင်လေ၊ ထွက်လေတစ်စုံကို မှတ်သိခြင်းသည် တကယ့်ကို ကြီးမားတဲ့ မဟာအလုပ်၊ အဓိပတိအလုပ်၊ အလုပ်ကြီးတစ်ခုဟု ခံယူထားပြီး ဖြစ်စဉ်တစ်ခုကို သေချာစွာ မှတ်သိခြင်း ဖြစ်ပါသည်။ ယင်းဖြစ်စဉ်ကို တစ်စုံဟု သဘောထားပြီး ယင်းကို နှစ်ပိုင်းခွဲသည်။ အပိုင်း(က)က ဝင်လေကို သိခြင်း၊ ဝင်လေ နှာသီးဖျားမှာ စထိပြီး ဝင်လာကတည်းက အလယ်ပြီးတော့ အဆုံးထိ လိုက်သိနေခြင်းပါ။ (ခ) အလားတူ နောက်တစ်ပိုင်းက ထွက်လေကိုလည်း ပြန်ထွက်တာ စကတည်းက အဆုံးထိ လိုက်သိပေးနေခြင်းပါ။ ဝင်လေကို အစက အဆုံးထိ သိရင်၊ ထွက်လေကို အစက အဆုံးထိ သိရင်၊ ငါ တစ်ကြိမ် မိမိရရ၊ ပိုင်ပိုင်နိုင်နိုင် မှတ်နိုင်သိနိုင်လိုက်သည်ဟု သဘောထားကာ အဓိကအလုပ်ကြီးတစ်ခု ပြီးလိုက်သည်ဟု ခံယူပါသည်။ ဤနည်းဖြင့်လည်း မှတ်သိမှုကို ကြိုးစားပါသည်။

နောက်ဆုံးနည်းကတော့ အာနာပါနသုတ္တန်မှာ လာသည့်အတိုင်း ဝင်လေထွက်လေ၏ အတိုအရှည်၊ အနေးအမြန်၊ စ, လယ်, ဆုံး သုံးမျိုးလုံးကို သိခြင်းပင် ဖြစ်ပါသည်။ 'လက်ာဖြင့်' သတိမြဲရာ ပထမ၊ ဒုမှာ ရှည်တိုသိ၊ စ, လယ်, ဆုံးမှာ တဒ္ဒသာ၊ စမှာ ငြိမ်းစေဘိ'ဟု မှတ်သားဖူးပါသည်။

စာဖတ်သူမိတ်ဆွေအပေါင်း သတိသမာဓိရင့်သန်၍ ဘာဝနာစခန်း တက်လှမ်းနိုင်ကြပါစေ။ ။

**ရေချမ်း(မန်း)**

---

## တံတားနှင့် ကွန်ကရစ်လမ်း ပြန်လည်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**မိုင်းဖြတ် ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၂၉ ရက် နံနက် ၁၁ နာရီက မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရပ်ကွက်ချင်းဆက်လမ်းပေါ်တွင် Box Culvert တံတားနှင့် ကွန်ကရစ်လမ်း ပြန်လည်ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဝင်များသည် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ သဘာဝဘေးခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၅ သန်းဖြင့် ပြန်လည်ဆောင်ရွက်နေသည့် ဈေးတန်း(ကွက်သစ်) ရပ်ကွက်နှင့် ဝမ်ဟွေရပ်ကွက် ချင်းဆက်(ကွန်ကရစ်)လမ်းနှင့် Box Culvert ပျက်စီးမှု ပြန်လည်ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်စည်ပင်သာယာရေး ဌာန အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်ရည်မွန်သန့်တို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်ရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးတို့ကို အကြံပြုခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခြင်းသည် ၂၀၂၄ ခုနှစ်၊ ဇွန် ၇ ရက်က မြို့နယ်အတွင်း မိုးရေချိန်(၃ ဒသမ ၁၀) လက်မ ရွာသွန်းပြီး ချောင်းရေတိုက်စားမှုကြောင့် ဈေးတန်း(ကွက်သစ်)ရပ်ကွက်နှင့် ဝမ်ဟွေရပ်ကွက်ချင်းဆက်(ကွန်ကရစ်)လမ်းနှင့် Box Culvert ပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများထံက သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## အခြေခံစက်ချုပ်နည်းပညာသင်တန်း သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**အမရပူရ ဩဂုတ် ၃၀**

ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ နှင့် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံစက်ချုပ်နည်းပညာသင်တန်း ဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီက ဆောင်းဒါးရက်ကန်းကျောင်းဘက်စုံခန်းမတွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ စက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ ထို့နောက် သင်တန်းတွင် ဆုရရှိသူများကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အမရပူရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းတို့က ဆုများချီးမြှင့်ပေးခဲ့ကြသည်။

ဆက်လက်ပြီး သင်တန်းဆင်းလက်မှတ်များကို မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးဦးအောင်မျိုးလွင်က စက်ချုပ်သင်တန်းသူတစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ခဲ့သည်။ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

## ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)ကျင်းပ

ဆင်ပေါင်ဝဲ ဩဂုတ် ၃၀

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင်ကျောင်းသား၊ ကျောင်းသူ လူငယ်များ စာဖတ်သည့် အလေ့အထတွင် ပျော်မွေ့လာပြီး အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်၍ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ ဖြစ်လာစေရန်အတွက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပမည့် ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)ကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမတွင် ပြုလုပ်ခဲ့သည်။



ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက အဆိုပါ ပွဲတော်နှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား တင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်စိန်က ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ကျင်းပမည်ဖြစ်သည့်အတွက် မိမိတို့တာဝန်ကျရာ ကော်မတီ၊ ဆပ်ကော်မတီများအလိုက်တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန်၊ ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး သက်ဆိုင်ရာကော်မတီများက အသီးသီးပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## အသိပညာပေးဟောပြောပွဲ ကျင်းပ

**မြစ်သား ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာလုပ်အားရှင်များက အန္တရာယ်ဖြစ်နိုင်ခြေသိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်း၊ ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းကျွန်းစစ်သားခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြစ်သားမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်တစ်ဦးမှ အန္တရာယ်ဖြစ်နိုင်ခြေသိရှိ သတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်း အကြောင်းအရာများကို ဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများနှင့် အပြန်လှန်ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ဟောပြောပွဲအပြီးတွင် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အသိပညာပေးဟောပြောပွဲသို့ မြစ်သားမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၁၀ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့။**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## စည်ပင်ဝန်ထမ်း သို့မဟုတ် ပရဟိတဝန်ထမ်း

\- - - - - - - - - -

* အများအတွက်
ဆောင်ရွက်သည့် ဝန်တာ ။

* သူသူငါ ခေါ်ဆိုကြ
ပရဟိတပါ ။

* ဝန်ထမ်းလို့ ရှင်လန်းစွာ
မပင်ပန်းပါ စိတ်နေရှင်း ။

* လမ်းပေါ်မှာ ကသိလ်ရ
အတ္တလွတ် ကင်း ။ ။

**ကိုတေဇ(သာခိုတောင်)**

## ရွှေကြက်ယက်အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**အမရပူရ ဩဂုတ် ၃၀**

အမရပူရမြို့နယ်၊ ရွှေကြက်ယက် အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများ အသိဉာဏ်ပညာတိုးတက်ပြီး ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ အသိပညာဗဟုသုတရရှိပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၁၀နာရီက အဆိုပါ ကျောင်းရှိ မြတ်မာလာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အမရပူရမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဒေါ်တင်တင်လှက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ကာ လူငယ်များ အသိပညာ၊ အတတ်ပညာနှင့် လူ့ကျင့်ဝတ်တန်ဖိုးနားလည်စေရန်တို့အတွက် Gread-11 မောင်ငြိမ်းချမ်းအောင်က လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့်လည်းကောင်း၊ Gread-12 မှ မယွန်းနဒီလှိုင်က လူငယ်နှင့်ယဉ်ကျေးမှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ Gread-10 မှ မအိခိုင်မိုးက လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Gread-10မှ မောင်သိန်းမင်းခန့်က လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

၎င်းနောက် စကားဝိုင်းသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

၀-၀-၀-၀-၀-၀



## သတင်းပဒေသာ

### အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုပေးပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်တွင်(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး (ခရိုင်အဆင့်) အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုပေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကျန်းမာရေးစစ်ဆေး စမ်းသပ်ကုသပေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ဘိုးဘွားရိပ်သာတွင် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအဖွဲ့မှ ဆရာဝန်များအဖွဲ့က ကျန်းမာရေးစစ်ဆေး စမ်းသပ်ကုသပေးခြင်းကို ဩဂုတ် ၂၇ ရက်က အဆိုပါရိပ်သာ၌ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း ၊ကလောခရိုင်၊ ကလောမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (လ-၁)၏၂၀၂၃-၂၀၂၄ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှိ မျိုးဂုဏ်ရောင်ခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ကျောင်းအကျိုးဆောင် မိဘဆရာအသင်းနှင့် ကျောင်းသား၊ ကျောင်းသူ မိဘများ၊ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၏ ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက လင်းခေးမြို့နယ်ဝတီခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မြို့နယ်ပညာရေးဌာနမှ ကြီးမှူး၍ အသိပညာပေး ဟောပြော

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်ပညာရေးဌာနမှ ကြီးမှူးကျင်းပသည့် ကျောင်းသား၊ ကျောင်းသူများဖြစ်လေ့ရှိသော အမှုများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီက မင်းလှအခြေခံပညာအထက်တန်းကျောင်း မင်းလက်ဝါးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဥပဒေဆိုင်ရာ အသိပညာပေးဆောင်ရွက်

ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီ က အခြေခံပညာအထက်တန်းကျောင်း(လဲချား)ခန်းမတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမတွင် မင်္ဂလာဒီပအခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား၊ ကျောင်းသူများအား ဖိတ်ခေါ်၍ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မဟာလောကရန်နိမ် အောင်တော်မူမြတ်စွာဘုရား အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပမည်



သက္ကရာဇ် ၁၂၄၄ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်တွင် သီပေါဘုရင်မင်းမြတ် တည်ထားကိုးကွယ်ခဲ့သော အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောက ရန်နိမ်အောင်တော်မူမြတ်စွာဘုရားတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကြီးကို ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက် မှ တော်သလင်းလဆန်း ၈ ရက် အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပမည် ဖြစ်ပါသည်။

သံဃာတော် ၅၅ ပါးတို့မှ မဟာပဋ္ဌာန်းကျမ်းမြတ်ကို နေ့၊ ည အသံမစဲရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ပါ၍ မန္တလေးမြို့နှင့် ရပ်နီးရပ်ဝေးမှ စေတနာရှင်၊ ကုသိုလ်ရှင်များမှ ကြည်ညိုသဒ္ဓါပွားများနိုင်ကြောင်းနှင့် လှူဒါန်းလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ ဂေါပကအဖွဲ့ရုံး ဖုန်းနံပါတ် ၀၂-၄၀၃၆၁၀၀ သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ကဆ)**

၀-၀-၀-၀-၀-၀



## ရာသက်ပန် ဆွမ်းပဒေသာပင် လှူဒါန်း

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း ပြုလုပ်သည်။

ရှေးဦးစွာ အလှူရှင်များဖြစ်သော မန္တလေးမြို့ နန်းတော်ရှေ့ ဒေါနဘွားရပ်နေ မိခင်ကြီး ဒေါ်တင်တင်အားရည်စူး၍ သား၊ သမီးမြေးတစ်စုတို့က ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိက ဆရာတော်များ၊သင်တန်းသားသံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်သည်။

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၂ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၆၅၀၀၀၀၊ စုစုပေါင်းငွေကျပ် ၁၈၅၀၀၀၀ ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မစရိယ၊ B.A )အရှင်မြတ်က ရေစက်ချအနုမောဒနာဟောကြားချီးမြှင့်၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (ကဆ)**



## မလွန်ဈေး ဆန်လှူအသင်းသို့ ထာဝရငွေပဒေသာပင် စိုက်ထူ

**မန္တလေး ဩဂုတ် ၃၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်းရှိ မလွန်ဈေးဆန်လှူအသင်းကြီးမှဦးဆောင်၍ စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီး(၃)ရပ်နှင့် မန္တလေးခရိုင်(၇)မြို့နယ်ရှိ ရဟန်းသာမဏေ၊ သူတော်၊ သီလရှင်အပါအဝင် အလှူခံပုဂ္ဂိုလ်ခြောက်သောင်းကျော်တို့ကို ဆွမ်းဆန်တော်များလှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက မန္တလေးမြို့၊ချမ်းအေးသာစံမြို့နယ်၊ မလွန်ဂျင်းတန်းရပ်နေ ဒေါ်စန်းစန်းမြင့် (တောင်ပိုင် လက်ဖက်ခြောက်စက်ရုံ) မိသားစုက ထာဝရငွေပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်း၊ တောင်ပိုင်အချိုခြောက်တစ်ဖာ၊ အခါးခြောက်တစ်ဖာတို့ကိုလည်းကောင်း၊ရန်ကုန်မြို့နေ ဦးမင်းညီ+ဒေါ်စိုးစိုးမိသားစုက ဆွမ်းဆန်တော်အတွက် ငွေကျပ် ၂၇၁၁၄၀၀ ကိုအသင်းကြီးသို့ လာရောက်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်း၊ အတွင်းရေးမှူးဦးကြည်ဝင်းနှင့် အမှုဆောင်များက လက်ခံရယူကြသည်။

ဆွမ်းဆန်တော်များ လှူဒါန်းလိုပါက မလွန်ဆန်လှူအသင်း၊ ၃၂လမ်း၊ ၈၅လမ်းနှင့်၈၆လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း၀၉-၇၈၀၆၆၈၅၀၀နှင့် မြန်မာ့စီးပွားရေးဘဏ်(၃) ငွေစာရင်းအမှတ်SF-000390,SF-000620သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၄၅)**

## ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း ကွင်းဆင်းဆောင်ရွက်

**ဟုမ္မလင်း ဩဂုတ် ၃၀**

၂၀၂၄-၂၀၂၅ ကျောင်းကျန်းမာရေးစောင့်ရှောက်မှု ရက်သတ္တပတ်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်း ဆောင်ရွက်ခြင်းကို ဩဂုတ် ၂၉ ရက်တွင် အခြေခံပညာကျောင်းများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုကို အခြေခံပညာကျောင်းများဖြစ်သည့် ဟုမ္မလင်းမြို့ အ·ထ·က(၁) အ·ထ·က(ကက်သာ)၊ စံပြရွာ (အမကခွဲ)နှင့် စွယ်ကြာပေါ် (ကိုယ့်အားကိုယ်ကိုး) ကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်း ဆောင်ရွက်ခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး အဆင့်(၁) ဦးတင်မောင်ဝင်း၊ ဆရာမဒေါ်လှလှခင်၊ သွားဆရာဝန် ဒေါက်တာဇာနည်အောင်၊ တာဝန်ကျဆရာမများက ကျောင်းသား၊ ကျောင်းသူများ၏ ခြေသည်း၊ လက်သည်း၊ သွားကျန်းမာရေးနှင့် အထွေထွေကျန်းမာရေးတို့ကို စစ်ဆေးပေးခြင်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းစေခြင်း၊ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး စသည့်ကျန်းမာရေးအသိပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# (၃၆)ကြိမ်မြောက် မဟာလောကရန်နိုင် အောင်တော်မူ အသံမစဲမဟာပဋ္ဌာန်းပွဲ

မြန်ဂုဏ်ဆောင်

မန္တလေးမြို့ အရှေ့ပြင်လုံးဆိုင်ရာ မဟာလောကရန်နိုင် အောင်တော်မူမြတ်စွာဘုရား နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၆)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို (၄-၉-၂၀၂၄)မှ (၉-၉-၂၀၂၄)ရက် (၁၃၈၆ခုနှစ်၊ တော်သလင်းလဆန်း(၂)ရက်မှ (၇)ရက်)ထိ ခြောက်ရက်တိုင် ကျင်းပပူဇော်သွားမည်ဖြစ်သည်။

အဆိုပါ မဟာပဋ္ဌာန်းပွဲအား မန္တလေးမြို့ ကျောင်းတိုက်အသီးသီးမှ ပဋ္ဌာနဘာဏက သံဃာတော် အရှင်သူမြတ်တို့က နေ့ ညအသံမစဲ ရွတ်ဖတ်ပူဇော်နိုင်ရန် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ကြည်၊ အတွင်းရေးမှူး ဦးကျော်မင်း၊ ရုံးအဖွဲ့မှူး ဦးထွန်းလွင်နှင့် အမှုဆောင်(၁၂)ဦးက ကြီးကြပ်သွားကြမည်ဖြစ်သည်။

ရခဲလှသော လူ့ဘဝရခိုက် သာသနာတော်ကြီးနှင့် ကြုံဆုံရစဉ် ထေရဝါဒဗုဒ္ဓသာသနာတော်၏ ဓမ္မအဆီအနှစ် မဟာပဋ္ဌာန်းဒေသနာတော်မြတ် ဓမ္မတရား အဓွန့်ရှည်တည်တံ့စေရန် သုတလိုလားသဒ္ဓါကြည်လင် ပါရမီရှင်များ ကြားနာမှတ်သားစေရန် ရည်သန်ကျင်းပသော အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲဖြစ်သည်။

**မဟာပဋ္ဌာန်းတော်မြတ်ကြီး ပူဇော်ရခြင်း**

ဂေါတမမြတ်စွာဘုရားသည် ဗုဒ္ဓဘုရားဖြစ်ပြီး သတ္တဋ္ဌာနအား ခုနစ်ရက်သတ္တတစ်ပတ်သီတင်းသုံးစဉ် စတုတ္ထသတ္တာဟ နတ်တို့ဖန်ဆင်းသော ရတနာဃရအိမ်နန်းတွင် အဘိဓမ္မာတရားမြတ်ကို ဆင်ခြင်သုံးသပ်တော်မူသည်။

မဟာပဋ္ဌာန်းဒေသနာ ကျမ်းမြတ်မဟာကို ဆင်ခြင်သုံးသပ်ရာ မြတ်ဗုဒ္ဓကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ် ပေါ်ထွန်းသည်။

မြတ်ဗုဒ္ဓဂေါတမသည် ခုနစ်ဝါမြောက်ကာလ တာဝတိံသာနတ်ပြည်တွင် မယ်တော်ဖြစ်ခဲ့သော သန္တုသိတနတ်သားကို အကြီးအမှူးပြု၍ စကြဝဠာ အနန္တနတ်ဗြဟ္မာတို့အား မဟာပဋ္ဌာန်းဒေသနာမြတ်တွင်ပါဝင်သော အဘိဓမ္မာတရားမြတ်ကို ဝါတွင်းသုံးလကာလပတ်လုံး နေ့ညမပြတ် အသံမစဲ အကျယ်ဟောကြားတော်မူသည်။

မြတ်ဗုဒ္ဓဘုရားရှင်ထံမှ ကြားနာသိခွင့်ရသော ရှင်သာရိပုတ္တရာမထေရ်မြတ်က လင်းနို့သားငါးရာ အတိတ်ကဖြစ်ခဲ့ဖူးသော တပည့်နတ်သားငါးရာကို ထပ်မံဟောကြားရာ ရဟန္တာများဖြစ်ကုန်ကြသည်။

ဤသို့ သိမ်မွေ့နက်နဲသော ပဋ္ဌာန်းဒေသနာတော်မြတ်၏ တန်ခိုးရှိန်စော် အာနုဘော် အကျိုးများသော ဓမ္မတရားမြတ်ကြီး သာသနာတော် နှစ်၅၀၀၀ကြာ အဓွန့်ရှည်တည်တံ့စေရန် သံဃာစဉ်ဆက် နှုတ်ဆင့်တော်ကမ်း၍ ရွတ်ဖတ်ပူဇော်ကြခြင်းဖြစ်သည်။

မဟာပဋ္ဌာန်းတော်မြတ် ရွတ်ဖတ်ပူဇော်ခြင်း အကျိုးထူးများတွင် ပဋ္ဌာန်း ဥဒ္ဒေသ၊ နိဒ္ဒေသတို့ကို သုံးသပ်ရွတ်ဖတ်ပူဇော်ခြင်းကြောင့် မျက်မှောက်ကာလဝယ် ရင်ဆိုင်ကြုံတွေ့နေရသော ဘေးအန္တရာယ်အသွယ်သွယ်တို့မှ လွတ်မြောက်နိုင်သည်။ ကျရောက်ကြုံတွေ့လတ္တံ့သောဘေးတို့မှ ကင်းပချုပ်ငြိမ်းနိုင်သည်။ အပြစ်ကင်း၍ ကောင်းကျိုးစီးပွားဆောင်ရွက်မှုကိစ္စအဝဝတို့မှ ပြီးစီးအောင်မြင်နိုင်သည်။ အပြစ်ရှိ၍ မကောင်းကျိုးဖြစ်စေမည့် အကုသိုလ်တို့မှ ရှောင်လွဲကင်းပနိုင်သည်။ မိမိဆောင်ရွက်သော ကံတူအကျိုးပေးလုပ်ဆောင်မှု ကိစ္စခပ်သိမ်းအောင်မြင်နိုင်သည်။ ဘဝ၏ဦးတည် ရည်မှန်းရာ သစ္စာလေးပါးမြတ်တရားကို ကောင်းစွာ သိမြင်၍ နိဗ္ဗာန်သို့ စံဝင်နိုင်သော အကျိုးထူး၊ အကျိုးမြတ်ကို ရရှိသူဖြစ်နိုင်သည်။

မန္တလေးမြို့ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံအောက်ထပ်တွင် ကျင်းပမည့် မဟာလောကရန်နိုင်အောင်တော်မူမြတ်စွာဘုရား (၃၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို (၉-၉-၂၀၂၄) မွန်းလွဲ ၁၂ နာရီခွဲမှာ ပဋ္ဌာန်းသိမ်းအောင်ပွဲ ကျင်းပမည်ဖြစ်သည်။

မြန်မာအဘိဓာန်(မြန်မာစာအဖွဲ့)က 'အောင်တော်မူ' ဝေါဟာရအနှစ်သာရ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် 'အောင်'က 'အနိုင်ရသည်။ ဆောင်ရွက်သည်။ အမှုကိစ္စအထမြောက်သည်။ ဖွံ့ဖြိုးဖြစ်ထွန်းသည်။ ပြည့်မီသည်။ အကျိုးတစ်စုံတစ်ရာ မျှော်လင့်ခြင်းအနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး၊ ရန်အပေါင်းတို့ အောင်မြင်ရာ အချက်အချာနေရာ' ဟူ၍ အနက်အဓိပ္ပာယ် ဖွင့်ဆိုသည်။

'တော်'က 'သင့်လျော်သည်။ လျောက်ပတ်သည်။ အံကျဖြစ်သည်။ ဆွေမျိုးဖြစ်သည်။ ကျွမ်းကျင်သည်။ လိမ္မာသည်။ ဆက်လက်မပြုလုပ်။ အရှင်သခင်၊ မင်း၊ မြင့်မြတ်သူ၊ မြင့်မြတ်သော အရာတို့နှင့်ဆိုင်သည့် စကားလုံး'ဟူ၍ အနက်အဓိပ္ပာယ် ဖွင့်ဆိုသည်။

'မူ'က 'ပြုသည်။ ဆောင်ရွက်သည်။ အမူအကျင့်'ဟူ၍ အနက်အဓိပ္ပာယ် ဖွင့်ဆိုသည်။

ထို့ကြောင့် 'အောင်တော်မူ'သည် 'မြင့်မြတ်သူတို့အတွက် အမှုကိစ္စအထမြောက်ပြီး ရန်အပေါင်းကို အောင်မြင်ရာ အချက်အချာ ဘူမိနက်သန်နေရာမှာ ဆောင်ရွက်ခြင်း'ဟူ၍ ဖွင့်ဆိုက ရပါမည်။ မြန်မာအဘိဓာန်(မြန်မာစာအဖွဲ့)၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်က 'အသက်ကယ်ရှည်စေလိုမန်းတောင်ရိပ်ခို' ရှေးဆိုရိုးစကားအရ မန္တလေးမြို့သမိုင်း၊ မန္တလေးမြို့ကို ဇဟိုပြု၍ 'ဝင်းတွေနှင့် တည်ခဲ့သော မင်းနေပြည်တော်'ကို ကိုယ်စားပြုနေသည်။ ၁၂၁၈ခုနှစ် (ခရစ်နှစ် ၁၈၅၆)တပို့တွဲလမှစ၍ မန္တလေးရတနာပုံနေပြည်တော်ကို စတင်၍ မင်းတုန်းမင်း တည်ထောင်တော်မူသည်။

မန္တလေးမြို့ အရှေ့ပြင်မြို့နယ်လုံးဆိုင်ရာ မဟာလောကရန်နိုင် အောင်တော်မူမြတ်စွာဘုရားက သမိုင်းပုံရိပ်များစွာ ထီးဖြူမိုး၍ စေတီတော်မြတ်ကို စတင်တည်ထားကိုးကွယ်ခဲ့သည်။

ရှေးခေတ်မြန်မာဘုရင် သီပေါမင်းမြတ်သည် မြန်မာသက္ကရာဇ် ၁၂၄၄ခုနှစ် တပေါင်းလဆန်း(၃)ရက် နံနက်တစ်ချက်တီးကျော် ခြောက်မောင်းအချိန်၊ အမြောက်သံကြား၍ ရွှေမြို့တော်ကြီး အရှေ့တောင်ထောင့် ဇမ္ဗူမျက်ရှင်ရပ် သာယာစွာသော မြေအပြင်တွင်း ဘဝရှင်မင်းတရားကြီးဘုရား 'နံတော်သင့်'၊ 'လောကရန်နိုင်စေတီတော်မြတ်'ကို အရပ်တော်နှင့် ဖိနပ်တော်သံတောင်ခုနစ်တောင်ထား၍ ခုနစ်ရက်အတွင်း ပြီးပြေအောင် ဓမ္မပွဲသဘင်အခမ်းအနားတို့ဖြင့် မင်္ဂလာအချိန်မှာ အုတ်မြစ်စီခင်းတည်ခဲ့သည်။

လောကရန်နိုင်ဘုရားတွင် ကြီးကြပ်ဆောက်လုပ်ကုသိုလ်ရယူခဲ့ကြသူများမှာ သေနတ်ဝန်၊ ကင်းဝန်၊ လယ်ကိုင်းမြို့စားဝန်ကြီး၊ အတွင်းဝန် တိုင်တားမြို့စား၊ မြေတိုင်းဝန်ထောက်၊ ညောင်ဝန်းဝန်ထောက်တို့က ကြီးကြပ်ခဲ့သည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်(တတိယတွဲ)မှ သမိုင်းဖြစ်ရပ်ပုံရိပ်ကို ညွှန်းဆိုခဲ့သည်။

ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး (တတိယတွဲ)တွင် ရွှေထီးအထွဋ်တင်လှူခြင်းကို ၁၃၄၄ခုနှစ် တပေါင်းလဆန်း(၁၁)ရက်တွင် လောကရန်နိုင်ဘုရား စေတီတော်မြတ်ကို အမြောက်သံကြား၍ စည်ပင်သာယာအောင်ပွဲသဘင် ကျင်းပပြီး ရွှေထီးအထွဋ် လှူတော်မူသည်။

မဟာလောကရန်နိုင် အောင်တော်မူမြတ်စွာဘုရား ပူဇော်တည်ရှိရာ ဘူမိနက်သန်နေရာမှာ နန်းမြို့ကျုံးအရှေ့တောင်ထောင့် (၂၆လမ်းနှင့် ၆၆လမ်းထောင့်)မှ (၂၆လမ်း)အတိုင်း အရှေ့ဘက်သုံးပြ (၆၃လမ်း) ၄င်းမှ တောင်ဘက်သုံးပြ (၂၆လမ်း)အထိ တည်ထားသဖြင့် ၆၃လမ်းနှင့်၂၉လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၈၀၈)၊ ပြည်ကြီးမျက်မှန်ရပ်ကွက်တွင် တည်ရှိပါသည်။ ဘုရားစေတီအကျယ်အဝန်းမှာ ဧရိယာ(၁ ဒသမ ၄၄)ဧက ဖြစ်သည်။

မဟာလောကရန်နိုင် အောင်တော်မူမြတ်စွာဘုရား၏ ဂေါပကအဖွဲ့က အသက်ချင်းဆက်၍ စေတီတော်မြတ်ကြီးအား မွမ်းမံပြုပြင်ကြသည်။

မြန်မာသက္ကရာဇ် ၁၃၂၁ခုနှစ်(ခရစ်နှစ် ၁၉၅၉ ခုနှစ်)တွင် မဟာလောကရန်နိုင် အောင်တော်မူမြတ်စွာဘုရားစေတီတော်မြတ်ကို ဉာဏ်တော်မြင့်တင်သည်။ စေတီတော်မြတ်နှင့်ယှဉ်တွဲလျက် တောင်ဘက်ခြမ်းတွင် 'တဝဂူ'စေတီတော်မြတ် ကျောက်ဆင်းတုတော်တစ်ဆူ ကိန်းဝပ်တည်ထားသည်။

မြန်မာသက္ကရာဇ် ၁၃၄၂ခုနှစ်(ခရစ်နှစ် ၁၉၈၀ ပြည့်နှစ်)တွင် ဂန္ဓကုဋိတိုက်ကို မဟာမြတ်မုနိရုပ်ပွားတော်မြတ်နှင့်အတူ ဆင်းတုတော်နှစ်ဆူ ကိန်းဝပ်လျက် တည်ဆောက်သည်။

မြန်မာသက္ကရာဇ်၊ ၁၃၆၄ခုနှစ်(ခရစ်နှစ် ၂၀၀၂ ခုနှစ်)တွင် စေတီတော်မြတ်ကြီးအား ဉာဏ်တော်ဖွင့်ခြင်း၊ ရွှေထီးတော်အသစ် တင်လှူပူဇော်ခြင်း၊ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းတို့ကို ဆောင်ရွက်ရာ မြန်မာသက္ကရာဇ် ၁၃၆၆ခုနှစ်(ခရစ်နှစ် ၂၀၀၄ခုနှစ်)တွင် ပြီးစီးအောင်မြင်တော်မူသည်။ စေတီတော်မြတ်၏ ဉာဏ်တော်မှာ ၃၆ပေ ဖြစ်ပြီး ဖိနပ်တော်က ပေ ၅၀ ပတ်လည်ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၆၅ခုနှစ်(ခရစ်နှစ် ၂၀၀၃ ခုနှစ်)တွင် မူလစေတီဟောင်းမှ ထီးတော်မြတ်ကို ဘုရားပရိဝုဏ်အရှေ့မြောက်ထောင့်တွင် လိုဏ်စေတီတည်၍ ပြောင်းရွှေ့ပူဇော်သည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်(တတိယတွဲ) ညွှန်းဆိုချက်အရ 'လောကရန်နိုင်'စေတီတော်ကြီးနှင့်တစ်ချိန်တည်း၊ တစ်ပြိုင်တည်း မန္တလေးမြို့တော်ကြီး အရှေ့မြောက်ထောင့်၊ မန္တလေးတောင်အရှေ့ဘက်၊ အာရုံခံဥယျာဉ်တော်အတွင်း အသျှင်မိဖုရားကြီး၏ နေ့နံတော်သင့် 'ရတနာတန်ဆောင်စေတီတော်ကို အုတ်မြစ်စီခင်းခြင်း၊ ရွှေထီးအထွဋ်တင်လှူပူဇော်ခြင်း' ပြုကြောင်း မှတ်သားရသည်။

သာသနိက အဆောက်အအုံများအဖြစ် မြန်မာသက္ကရာဇ် ၁၃၀၀ပြည့်နှစ်(ခရစ်နှစ် ၁၉၃၈ ခုနှစ်)တွင် စေတီတော်မြတ်အနီး ဂြိုဟ်ပြေနံပြေ ကိုးတောင်ပြည့်ထီးသုံးဆင့်၊ ကိုးနဝင်းစေတီတော်ကို တည်ထားကိုးကွယ်သည်။ မြန်မာသက္ကရာဇ် ၁၃၆၅ခုနှစ်(ခရစ်နှစ် ၂၀၀၄ခုနှစ်)တွင် ရွှေသင်္ကန်းကပ်လှူ၍ အသစ်ပြုပြင် မွမ်းမံသည်။

မြန်မာသက္ကရာဇ် ၁၃၄၄ခုနှစ်(ခရစ်နှစ်၁၉၈၂ ခုနှစ်)တွင် မဟာလောကရန် နိုင်အောင်တော်မူမြတ်စွာဘုရား နှစ်(၁၀၀)အထိမ်းအမှတ် ရာပြည့်ဓမ္မာရုံကို ဆောက်လုပ်လှူဒါန်းသည်။ အရှေ့စောင်းတန်း(၁၀)ခန်း၊ တောင်ဘက်စောင်းတန်း(၆)ခန်းကို သွပ်မိုးအစား အင်္ဂတေစောင်းတန်းအဖြစ် တိုးချဲ့မွမ်းမံလှူဒါန်းသည်။ ရာပြည့်ကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်းသည်။ စေတီတော်ရှေ့ရှိ မူလခြသေ့ကြီးနှစ်ကောင်ကို ရာပြည့်ဓမ္မာရုံရှေ့သို့ ပြောင်းရွှေ့ထားရှိသည်။

မြန်မာသက္ကရာဇ် ၁၃၄၆ခုနှစ်(ခရစ်နှစ် ၁၉၈၄ ခုနှစ်)တွင် အရှေ့စောင်းတန်း(၁၀)ခန်း ထိပ်အဝင်၊ မူလမုခ်ဦးနေရာတွင် လက်ရှိအင်္ဂတေ ပြာသာဒ်မုခ်ဦး၊ သံဘာဂျာတံခါးကြီးကို ဆောက်လုပ်လှူဒါန်းသည်။

မြန်မာသက္ကရာဇ် ၁၃၆၀ ပြည့်နှစ်(ခရစ်နှစ် ၁၉၉၈ ခုနှစ်)တွင် ဘုရားကြီးပရိဝုဏ် အရှေ့တောင်ထောင့်အဝင် ပြာသာဒ်အင်္ဂတေမုခ်ကြီးကို ဆောက်လုပ်လှူဒါန်းသည်။

မြန်မာသက္ကရာဇ် ၁၃၅၂ခုနှစ် (ခရစ်နှစ် ၁၉၉၀ ပြည့်နှစ်)တွင် ဘုရားပရိဝုဏ်အရှေ့တောင်ထောင့် ဗောဓိညောင်ပင်ကို ဝိုင်းဝန်းပတ်လျက် ဂြိုဟ်ပြေနံပြေ ရှစ်မျက်နှာဘုရား တည်ထားသည်။

မြန်မာသက္ကရာဇ် ၁၃၅၄ ခုနှစ်(ခရစ်နှစ် ၁၉၉၂ ခုနှစ်)တွင် အောင်ချမ်းသာတံခွန်တိုင်ကြီးကို လည်းကောင်း၊ ပဋ္ဌာနပူဇာအောင်ဓမ္မာရုံကြီး အရှေ့ဘက် ဗောဓိညောင်ပင်တွင် ကျောင်းဆောင်နှင့်ကျောက်ဆစ်ရုပ်ပွားတစ်ဆူကိုလည်းကောင်း၊ နှစ်၁၀၀ပြည့်အထိမ်းအမှတ်အဖြစ် အသောကကျောက်တိုင်ကြီးကိုလည်းကောင်း တည်ထားနိုင်သည်။

မြန်မာသက္ကရာဇ် ၁၃၅၅ခုနှစ်(ခရစ်နှစ် ၁၉၉၃ ခုနှစ်)တွင် ရာပြည့်ဓမ္မာရုံ၏ တောင်ဘက်တွင် ရှင်သီဝလိကိုယ်တော်အား ကျောင်းဆောင်နှင့် တည်ထားလှူဒါန်းသည်။

မြန်မာသက္ကရာဇ် ၁၃၅၆ခုနှစ်(ခရစ်နှစ် ၁၉၉၄ ခုနှစ်)တွင် ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်အား ကြေးပြာသာဒ် ပေ ၂၀ ပတ်လည် ကျောက်စီရေကန်တော်ကို တည်ဆောက်လှူဒါန်းသည်။

မြန်မာသက္ကရာဇ် ၁၃၅၆ခုနှစ်(ခရစ်နှစ် ၁၉၉၄ ခုနှစ်)တွင် ပျက်စီးနေသော ရွှေလင်းယုန် ဆွမ်းစားဓမ္မာရုံအား ပြုပြင်တည်ဆောက်ပြီး မြန်မာသက္ကရာဇ် ၁၃၆၀ ပြည့်နှစ်(ခရစ်နှစ် ၁၉၉၈ခုနှစ်)တွင် (၁၄)ခန်း တိုးချဲ့ဆောက်လုပ်လှူဒါန်းသည်။

မြန်မာသက္ကရာဇ် ၁၃၈၇ခုနှစ်(ခရစ်နှစ် ၁၉၉၅ ခုနှစ်)တွင် စေတီတော်ကြီး တောင်ဘက်တွင် (၆)ခန်း(၂)ခန်း သွပ်မိုးဇရပ်ဟောင်းကို ဖျက်သိမ်းရန် 'ပဋ္ဌာနပူဇာအောင် ဓမ္မာရုံကြီး' ဆောက်လုပ်လှူဒါန်းသည်။

ဆက်လက်ဖော်ပြပါမည်....

## ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖိုလမ်းအား ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သွားလာရာတွင် အဆင်ပြေစေရန် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေ ၁၆၉ ဒသမ ၂၆၀ သန်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ ငါးရွာမှ ဒေသခံပြည်သူများ ဖြတ်သန်းသွားလာသည့် မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖိုလမ်းအရှည် ၀/၄ မိုင် အကျယ် ၁၂ ပေ ထု ၁၅ လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၂၁ရက်မှစတင်၍ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ၍ ဆောင်ရွက်လျက်ရာ ၄င်းကတ္တရာခင်းခြင်းလုပ်ငန်းတွင် Base Course တည်ဆောက်ပြီးစီးမှုအခြေအနေအား မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ မြို့ရှောင်လမ်းမှ ပျော်ကုန်း- အုတ်ဖိုလမ်းအား ကတ္တရာခင်းခြင်းလုပ်ငန်းရာနှုန်းပြည့်ပြီးစီးပါက မုန်ပင်ဆည်၊ ပျော်ကုန်း၊ အုတ်ဖို၊ ကန်တောင်၊ ထနောင်းတောကျေးရွာများမှ ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ) (၄၆၉)**



## သဘော်သီးနံ့ဈေးကောင်းသဖြင့် စိုက်ပျိုးသူများ အဆင်ပြေ



**ကျောက်ဆည် ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်တွင် လယ်မြေများတွင် ဆန်စပါးကို အဓိကထား စိုက်ပျိုးကြပြီး ယာမြေများတွင် ဆီထွက်သီးနှံများ၊ ပဲမျိုးစုံနှင့်၊ ဝါဂွမ်းများကို စီးပွားဖြစ်ကိန်းသီးနှံအဖြစ် စိုက်ပျိုးကြပြီး တောင်သူအချို့သည် အခြားဝင်ငွေရသီးနှံများ စိုက်ပျိုးကြရာ သဘော်သီး ဈေးကောင်းသဖြင့် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိသည်။ **(အပေါ်ယာပုံ)**

အနောက်ငါးဆူကျေးရွာမှ ပြည်သူများသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် မြေအောက်ရေနှင့် မြစ်ရေများကိုသာ အဓိထားပြီး လုပ်ကိုင်ရသဖြင့် ယာသီးနှံများဖြစ်သည့် ငရုတ်၊ ကြက်သွန်၊ ငှက်ပျော၊ ဖူးစားပြောင်း၊ နေကြာ၊ သဘော်နှင့်ကာလတို ဟင်းသီးဟင်းရွက်သီးနှံများ အဓိကထား စိုက်ပျိုးကြကြောင်းနှင့် တောင်သူဦးမြင့်မောင်၏ မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသော ရွှေနီ(၁၆၈) သဘော်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊သဘော်ပင်များစိုက်ပျိုးရာတွင် အပင်သေပျောက်မှု မရှိစေရန်အတွက် ပျိုးထောင်ပြီး သန်မာသည့်ပျိုးပင်များ ရွေးချယ်ကာ နေရောင်ခြည်ကောင်းစွာရှိစေရန်နှင့် လေအဝင်၊ အထွက်ကောင်းမွန်စေရန်အတွက် မြေပေါင်များပြုလုပ်၍ တစ်ပင်နှင့် တစ်ပင်၊တစ်တန်းနှင့်တစ်တန်း ၁၆ ပေအကွာ စိုက်ပျိုးကြကြောင်း၊ မြေအနေအထားနှင့် ရာသီဥတုအနေအထားအလိုက် အပင်အကွာအဝေးစိုက်ပျိုးမှသာ သီးလုံးများ သန်မာထွားကျိုင်းပြီး လှပကြောင်းနှင့် လိုအပ်သည့်အချိန်များတွင် ပိုးနှင်ဆေးနှင့်ပိုးသတ်ဆေးများ ဖျန်းပေးရကြောင်းနှင့် ရာသီဥတုအခြေအနေအပေါ်တွင် မူတည်၍ ရေသွင်းပေးခြင်း၊မြေဩဇာကျွေးပေးခြင်းများလည်း ပြုလုပ်ပေးရကြောင်း တောင်သူတစ်ဦးက ပြောသည်။

သဘော်ပင်သည် မိသားစုတစ်နိုင်တစ်ပိုင်စီးပွားဖြစ် စိုက်ပျိုးနိုင်သည့် သီးနှံတစ်မျိုးဖြစ်ပြီး အပင်သက်တမ်း ခြောက်လအရောက်တွင် ရောင်းတန်းဝင်သဘော်သီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း၊ရေမြေကောင်းပြီး ရာသီဥတုနှင့် အပင်အပြုအစုကောင်းပါက ခူးဆွတ်ရောင်းချိန် ရှစ်လခန့်အထိ ခူးဆွတ်ရကြောင်းနှင့် ရောင်းချသည့်အခါ ပွဲစားများမှ စိုက်ခင်းများအထိ လာရောက်ပြီး စိုက်ခင်း၏ သီးလုံးအနေအထားနှင့် အပင်အနေအထားများကို ကြည့်ရှု၍ ကာလပေါက်ဈေး သတ်မှတ်ပြီး အရောင်းအဝယ်စာချုပ်ပြုလုပ်၍ ဝယ်ယူကြကြောင်း သိရသည်။

**(၄၈၅)**

## မြို့ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူရှင်းလင်း

**ပွင့်ဖြူ ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပွင့်ဖြူမြို့အား မြို့ပြအင်္ဂါရပ်နှင့်အညီ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပစေရန်အတွက် မြို့ပြသန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအဖွဲ့က မြို့ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန်အတွက် စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူရှင်းလင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ မြို့ပြသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးလင်းမင်းညွန့်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဝန်ထမ်းများအဖွဲ့က မြို့အဝင်/အထွက်၊လမ်းဘေး (ဝဲ၊ယာ)တစ်လျှောက်နှင့် ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်းကျေးရွာမှ ကျောင်းတော်ရာကျေးရွာသို့ ဆက်သွယ်သွားလာသည့် ကတ္တရာလမ်းဘေး(ဝဲ၊ယာ)ရှိ စည်းကမ်းမဲ့ စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ လိုက်လံကောက်ယူရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။ထို့နောက် ဝန်ထမ်းများက ဒေသခံပြည်သူများနှင့် လမ်းသွား၊လမ်းလာ ပြည်သူများကို တွေ့ဆုံ၍ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းများ မပြုလုပ်ရန်၊ စွန့်ပစ်အမှိုက်များကြောင့် မြို့ပြသန့်ရှင်းရေးလုပ်ငန်းတွင် ဆိုးကျိုးဖြစ်စေမှုများနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် ပလတ်စတစ်ပစ္စည်းများနှင့် ကြွပ်ကြွပ်အိတ်အမှိုက်များ စနစ်တကျစွန့်ပစ်ကြရန် အသိပညာပေးဆွေးနွေး ပြောကြားသည်။ **(အောက်ပုံ)**



ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြည်သူများ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုလျော့နည်းစေရန်နှင့် စနစ်တကျအမှိုက်စွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် မြို့ပတ်ဝန်းကျင်ရှိ စွန့်ပစ်ပလတ်စတစ် အမှိုက်များ လိုက်လံကောက်ယူရှင်းလင်းခြင်း၊ရေနုတ်မြောင်းများနှင့် ရေဆိုးထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊နေ့စဉ်အမှိုက်သိမ်းယာဉ်များဖြင့် မီးဖိုချောင်ထွက်အမှိုက်များ လိုက်လံသိမ်းဆည်းပေးခြင်း၊ မြို့ပြသာယာစိမ်းလန်းစိုပြည်ရေး ပန်းအလှပင်များနှင့် အရိပ်ရပင်များ ပြုစုပျိုးထောင်စိုက်ပျိုးခြင်း စသည့် မြို့ပြသန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ပြောသည်။

**(၄၄၅)**

## ရာသီအလိုက်ဟင်းသီးဟင်းရွက်များ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစု အပိုဝင်ငွေရရှိ

**နတ်မောက် ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ရာသီအလိုက် ဟင်းသီးဟင်းရွက်များတစ်နိုင်တစ်ပိုင်စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစု အပိုဝင်ငွေရရှိသည်။

"ကျွန်မတို့ရဲ့စိုက်ခင်းထဲမှာ စိုက်ပျိုးထားတာကတော့ ခဝဲ၊ဘူး၊ ခရမ်းသီး၊ ဆူးပုတ်ကြီး၊ ချဉ်ပေါင်လက်ခြား၊ရုံးပတီ၊ ဆလတ်ရွက်၊ ကျောက်ဖရုံစတဲ့ ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးထားတာပါ။ ခုဆိုရင် စိုက်ခင်းလေးထဲက ဟင်းသီးဟင်းရွက်များ ခူးဆွတ်ရောင်းချလို့ရပါပြီ၊ စိုက်ပျိုးတဲ့အခါမှာလည်း သဘာဝမြေဩဇာများဖြစ်တဲ့ နွားချေး၊ ဆိတ်ချေးများဖြင့် စိုက်ပျိုးထားတဲ့အတွက် သဘာဝ အော်ဂဲနစ်စစ်စစ်ဖြစ်တယ်လို့လည်း ပြောရင်ရပါတယ်။နေ့စဉ် မိမိအိမ်စားဖိုဆောင် ဟင်းစားအတွက် ယာထဲမှထွက်ရှိတဲ့ ဟင်းသီးဟင်းရွက်များကို ခူးယူချက်ပြုတ်စားနိုင်သလို စိုက်ခင်းများထဲက ထွက်ရှိလာတဲ့ ဟင်းသီးဟင်းရွက်များကို ယာထဲကို လာဝယ်ယူသူများရှိပြီး နတ်မောက်မြို့နယ် မြို့မစည်ပင်သာယာရေးဈေးသို့လည်း သွားရောက်ရောင်းချပါတယ်။ အဲဒီလို နေ့စဉ်ရောင်းချရတဲ့အတွက် မိသားစု စီးပွားရေးအတွက် အပိုဝင်ငွေ ရရှိတာပေါ့ဟု" အင်းကုန်းကျေးရွာ ဒေါ်ကြူးကြူးက ပြောသည်။

နတ်မောက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်မျိုးစုံ ၁၅၅၇ ဧကလျာထားပြီး ၈၈၅ ဧက စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူထံက သိရသည်။ **လှဝင်း**

## ပိုးသတ်ဆေး ၊ ဓာတ်မြေဩဇာသွင်းအားစု အရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး

**တံတားဦး ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊တံတားဦးမြို့နယ်အတွင်းရှိ တရားဝင်မှတ်ပုံတင်၍ ရောင်းချနေသော ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ သွင်းအားစု အရောင်းဆိုင်များအား ဥပဒေနှင့်အညီ ရောင်းချမှုရှိ၊ မရှိ၊ တားမြစ်ကန့်သတ်ထားသော ဓာတုပစ္စည်းများ ရောင်းချမှုရှိ၊မရှိကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးကနေဒီထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

တံတားဦးမြို့နယ်အတွင်းရှိ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ သွင်းအားစု အရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးမြို့နယ်ရှိ CPA လက်မှတ်ရရှိမှသာ ပိုးသတ်ဆေးရောင်းချသင့်ပါကြောင်း၊ တောင်သူများ ရောင်းချပါက ပိုးသတ်ဆေးအကြောင်း အသိပညာပေးပြီးမှ ရောင်းချသင့်ပါကြောင်း၊ ထို့ပြင် ဓာတ်မြေဩဇာများနှင့် သွင်းအားစုများကို သတ်မှတ်ဈေးနှုန်းဖြင့်သာ ပြန်လည်ရောင်းချပြီး ရောင်းချမှုစနစ်အား မှတ်တမ်းထားရှိပြီး စနစ်တကျ ရေးသွင်းပေးရန်လိုအပ်ပါကြောင်း အသိပညာပေးဆွေးနွေးကြသည်။

တံတားဦးမြို့နယ်အနေဖြင့် စိုက်ပျိုးရေးအတွက် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာသွင်းအားစု အရောင်းဆိုင်များအား အသစ်ဖွင့်လှစ်ရောင်းချလိုပါက မြို့နယ်စိုက်ပျိုးဦးစီးဌာနတွင် လာရောက်၍ မှတ်ပုံတင်ပြုလုပ်ဆောင်ရွက်ရန်လိုကြောင်းလည်း သိရသည်။

**(၄၀၉)**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၂)၊ ဦးပိုင်အမှတ်(၂)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၁၉လမ်းနှင့် ၁၂၀လမ်းကြားရှိ ဦးအောင်သန်း အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးအောင်ဒွန်း၊ မိခင် ဒေါ်ဝက်မ၊ သမီး ဒေါ်ကြင်စိန်နှင့် ခင်ပွန်း ဦးအောင်သန်းတို့ ကွယ်လွန်၍ ကျန်ရစ်သော ဒေါ်ကြင်စိန်၏ မောင်လေးဖြစ်သူ ဦးလှိုင်(၉/မနတ(နိုင်)၀၅၇၄၉၉)က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၇)၊ ဦးပိုင်အမှတ်(၄၉)၊ ၆၀(B)လမ်းနှင့် ၆၁လမ်းကြား၊ ၁၂၁လမ်းနှင့် ၁၂၂ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ တကကစိန်မြင့်(၉/မနမ(နိုင်) ၀၈၃၇၂၉)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၃၉၆/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်ချမ်းသာကျေးရွာ၊ ကွင်းအမှတ်(၄၄၆)၊ ဦးပိုင်(၂၉/၃) ပုံစံ(၇) အမည်ပေါက် ဦးမောင်ငယ်၊ ဧရိယာ(၀ ဒသမ ၆၂)ဧကအတွင်းမှ (B-7,B-8,B-9,B-10) အကျယ်အဝန်း(၈၀×၅၀)ပေ ရှိသောမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုသူ ဦးနေဦး(၉/မနမ(နိုင်)၀၈၅၈၀၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်ဝင့်ဝါဦး(အထက်တန်းရှေ့နေ)** | **ဒေါ်သံသာဦးဝေ(အထက်တန်းရှေ့နေ)** |
| LL.B, D.B.S, Diploma in English(MUFL) | LL.B, D.B.S, DL(101)IP Law |
| DL(101); IP Law(Geneva, Switzerland) | (Geneva, Switzerland) |

**လမ်း-၈၀၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ အမရဌာနီအနောက်ရပ်ကွက်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၆၈၂၂၂၂၃၃၃၊ ၀၉-၂၀၃၁၆၈၃၊ ၀၉-၇၇၂၀၃၁၆၈၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃၉)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် **အရာခံဗိုလ်အေးကို**(ကပ-၃၈၂၁၄၀) အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ **ဒေါ်ခင်နှင်းကြည်(ခ)ဒေါ်သန့်သန့်အေး**(ဘ) ဦးထွန်းရှိန်(၉/မမန(နိုင်)၀၀၇၉၂၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း နိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးသန်းရွှေ**
B.A(Hist), H.G.P
**အထက်တန်းရှေ့နေ**
**၅၃လမ်း၊ ၁၁၀Aလမ်းနှင့် ၁၁၀Bလမ်းကြား၊ ထွန်းတုံးရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၅၁၄၀၄၇၈**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၄ ရပ်ကွက်၊ အကွက်အမှတ်(ဃ-၅)၊ ဦးပိုင်အမှတ်(၁၃၂)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၁၂Aလမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးရှိလင်ရင်(ခ)မောင်ဟိန်း (၁၃/လရန(နိုင်)၀၉၄၁၈၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၁၄၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရန်ကြားရွှ(၁၃/လရန(နိုင်)၁၉၉၇၂၄)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၄ ရပ်ကွက်၊ အကွက်အမှတ်(ဃ-၅)၊ ဦးပိုင်အမှတ်(၁၂၅)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၁၂Aလမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးရှိလင်ရင်(ခ)မောင်ဟိန်း (၁၃/လရန(နိုင်)၀၉၄၁၈၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၁၄၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရန်ကြားရွှ(၁၃/လရန(နိုင်)၁၉၉၇၂၄)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၀)၊ ဦးပိုင်အမှတ်(၁၁၀)၊ လမ်း၇၀၊ ၁၀၉လမ်းနှင့် ၁၀၉Dလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစံတိုး(၉/ညဥန(နိုင်)၀၈၃၂၆၁)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၆၂)၊ ဦးပိုင်အမှတ်(၅-ဃ)၊ ၁၆လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဇော်ထူးအောင် (၁/မညန(နိုင်)၁၆၁၃၆၅)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်(ဒ-၇)၊ ဦးပိုင်အမှတ်(၃၁)၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ ၆၄လမ်းနှင့် ၆၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသာထွန်း(၉/မရမ(နိုင်)၀၁၂၁၅၅)၊ ဒေါ်စန်းစန်းရီ(ခ)စန်းစန်းတင့်(၉/မရမ(နိုင်)၀၁၂၁၅၄)၊ ဒေါ်ခင်ခင်စု(၉/မရမ(နိုင်)၀၁၂၁၅၆)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၃၄၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အိအိနိုင်ဇင်(၉/ခအဇ(နိုင်)၀၃၂၁၂၁)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ်(တ-၄)၊ ဦးပိုင်အမှတ်(၃၇)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဖြူဖြူအောင်(၉/ပကခ(နိုင်)၀၀၅၀၅၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၉၈၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဉာဏ်လင်းထွန်း(၉/ခအဇ(နိုင်)၀၀၁၅၃၃)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက် ရပ်ကွက်၊ အကွက်အမှတ်(၂၂၇)၊ ဦးပိုင်အမှတ်(၂၆-ဃ)၊ ၉၂လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကြေးမုံမြင့်(၉/မနတ(နိုင်)၀၀၈၆၂၆)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၄)၊ ဦးပိုင်အမှတ်(၃၈)၊ ၄၆လမ်းနှင့် ၄၇လမ်းကြား၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဉာဏ်ဝင်းထွေး(၁၃/မဆတ(နိုင်)၀၅၂၂၆၉)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅-မ/၂၁)၊ ဦးပိုင်အမှတ်(၅၁)၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ၈၆လမ်းနှင့် ၈၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စိုးစိုးသန်း(၉/မနမ(နိုင်)၀၅၇၂၇၇)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၁၄၆/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းနိုင်(၉/မတရ(နိုင်)၀၉၆၅၃၉)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၈)၊ ဦးပိုင်အမှတ်(၈၀-က)၊ ၂၂လမ်းနှင့် ၂၆လမ်းကြား၊ ၅၈လမ်းနှင့် လမ်း၆၀ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်အေးကြူ(၉/မရမ(နိုင်)၀၁၈၈၄၇)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၈၅၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလှိုင်မင်း(၈/မကန(နိုင်)၀၉၂၇၃၀)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၇၆)၊ ဦးပိုင်အမှတ်(၃၈)ခဲစင်းတောင်ခြမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ ၈၆လမ်းနှင့် ရွှေတချောင်းလမ်းကြားရှိ ဒေါ်သောင်း အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၅၅၉၈/၂၀၁၁)ဖြင့် ဦးအောင်မင်း(၉/မရမ(နိုင်)၀၁၄၆၄၆)၊ ဒေါ်မမကြီး(၉/မရမ(နိုင်)၀၁၄၂၈၅)တို့က အမွေဆက်ခံခဲ့ပြီး ဦးအောင်မင်းထံမှ စွန့်လွှတ်စာချုပ်အမှတ်(၅၆၁၅/၂၀၁၁)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဒေါ်မမကြီး(၉/မရမ(နိုင်)၀၁၄၂၈၅)က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ ရပ်ကွက်၊ အကွက်အမှတ်(က-၁၃)၊ ဦးပိုင်အမှတ်(၄)၊ မနော်ဟာရီလမ်းနှင့် စိန်ပန်းလမ်းကြား၊ ၇၄လမ်းနှင့် ရေနီမြောင်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ချိုချိုဝင်း(၁၃/ကမန(နိုင်)၀၈၂၉၉၃)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၃၆)၊ ဦးပိုင်အမှတ်(၃-က)၊ ၁၇လမ်း၊ ၈၆ လမ်းနှင့် ၈၇လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်တင်တင်(၉/မနမ(နိုင်)၀၅၃၇၃၂)က ဘိုးဘစာအုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေ ရပ်ကွက်၊ အကွက်အမှတ်(၁၇၁)၊ ဦးပိုင်အမှတ်(၈-က)၊ ၈၄လမ်း၊ ၂၅လမ်းနှင့် ၂၆လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးကျော်နိုင်(ခ)တော်မြိန်(၉/မနတ(နိုင်)၀၅၄၄၀၄)က ဘိုးဘ အမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံ အုတ်မြစ်သည် ပညာတတ်အရင်းအမြစ် ပေါ်များခြင်းပင်ဖြစ်...

❖ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ကြိုးပမ်းလျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ပြုလုပ်သော (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်

နေပြည်တော် ဩဂုတ် ၃၀

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြု ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်လျက်ရှိသည်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**တက်ရောက်**

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၂၉ ရက်နှင့် ယနေ့တို့တွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ဝန်ထမ်းမိသားစုများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်း မိသားစုများနှင့် ပြည်ထောင်စု လွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့်အမျိုးသား လွှတ်တော်ရုံး ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ သာသနာရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ လွှတ်တော်ရုံးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ပေးအပ် လှူဒါန်းရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်းငါးဆယ်နှင့် ငွေကျပ်သိန်းသုံးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်း မိသားစုများက ငွေကျပ်တစ်ရာ့ ခြောက်သိန်းရှစ်သောင်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများ ကို လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်ရုံး ဝန်ထမ်းမိသားစု များက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ဆယ်သိန်းကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ရုံး ဝန်ထမ်းမိသားစု များက ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်းနှစ်ဆယ်ကို လည်းကောင်း၊ အမျိုးသားလွှတ်တော်ရုံးဝန်ထမ်း မိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်ဆယ်သိန်းကိုလည်းကောင်း ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် လွှတ်တော်ရုံး များမှ တာဝန်ရှိသူများက တိုင်းမှူး ထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေး အပ်ပြီး ကျေးဇူးတင်စကားပြော ကြားသည်။

အလားတူ နိုင်ငံတော်ကာကွယ် ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိ သော လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး ညှိနှိုင်းခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီး ချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဆန်း နှင့် တာဝန်ရှိသူများ၊ ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများက ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ စားသောက် ဖွယ်ရာများကို ပြည်နယ်ဝန်ကြီး ချုပ်က ပေးအပ်ရာ ဒုတိယတိုင်းမှူး က လက်ခံရယူပြီးကျေးဇူးတင် စကားပြန်လည်ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေး နှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက် ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ဩဂုတ် ၂၇ ရက်မွန်းလွဲပိုင်းတွင် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ညှိနှိုင်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူ များ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် မန္တလေးတိုင်းဒေသကြီး အစိုးရ အဖွဲ့မှ တာဝန်ရှိသူများက စေတနာရှင် အလှူရှင်များမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများ ကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြား သည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများ နှင့် စားသောက်ဖွယ်ရာများကို ရှေ့တန်းစစ်မျက်နှာ အသီးသီး တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရွပ်ရွပ် ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိ သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## မက်ဆီဒဏ်ရာမှ သက်သာလာသောကြောင့် အင်တာမိုင်ယာမီအသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိ

လန်ဒန် ဩဂုတ် ၃၀

အင်တာမိုင်ယာမီအသင်းနှင့် အာဂျင်တီးနားလက်ရွေးစင်အသင်း တိုက်စစ်မှူး မက်ဆီ ခြေထောက် ဒဏ်ရာမှ သက်သာလာခြင်း ကြောင့် အသင်းနှင့်အတူ လေ့ ကျင့်ခန်းဆင်းလျက်ရှိပြီ ဖြစ် သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၄ ကိုပါအမေရိကဖလား ပြိုင်ပွဲပြီးကတည်း ဒဏ်ရာကြောင့် အနားယူနေရပြီး လက်ရှိအချိန် မှ ပြန်လည်သက်သာလာကာ အသင်းနှင့်အတူ လေ့ကျင့်ခန်း ဆင်းနိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး မက်ဆီ ဒဏ်ရာ မှ ပြန်လည်သက်သာလာခြင်း ကြောင့် အင်တာမိုင်ယာမီအသင်း အတွက်လည်း အားတက်စရာ ဖြစ်လာခဲ့သည်။

အသက်(၃၇)နှစ်အရွယ်ရှိ တိုက်စစ်မှူး မက်ဆီသည် အင်တာ မိုင်ယာမီအသင်းနှင့်အတူ ၂၀၂၃ မှ ၂၀၂၄ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၂၉ ပွဲကစားကာ ၂၅ ဂိုး သွင်းယူ ပြီး ခြေစွမ်းပြထားသည်။

အင်တာမိုင်ယာမီအသင်း သည် မေဂျာလိဂ်ပွဲစဉ် ၂၆ ပွဲ ကစားအပြီးတွင် ရမှတ် ၅၆ မှတ် ဖြင့် အမှတ်ပေးဇယားအား ဦး ဆောင်ထားနိုင်ခဲ့သည်။

(NGB)